မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၁၂)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနင်္လာနေ့။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များချီးမြှင့်

စာမျက်နှာ » ၃

ရိုးမရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ပထမဆုအများစုကို ကင်ညာအပြေးသမားများဆွတ်ခူး

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-စိုးညွန့်

၄၂ ကီလိုမီတာ မာရသွန်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည့် ကင်ညာနိုင်ငံသား ဂျိုးဇက် ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတကာ အပြေးအားကစားသမားများ စိတ်ဝင်စားကြပြီး တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပသည့် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်စီစဉ်မှုဖြင့် ယနေ့နံနက် ၅ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)၌ စတင်တာလွှတ်ခဲ့သည်။

ပြိုင်ပွဲတွင် ကီလိုမီတာတန်းအလိုက် ၄၂ ကီလိုမီတာ၊ ၂၁ ကီလိုမီတာနှင့် အပျော်တမ်း ၅ ကီလိုမီတာတို့ ထည့်သွင်းယှဉ်ပြိုင်ခဲ့သည်။ ၄၂ ကီလိုမီတာတွင် မြန်မာအားကစားသမား ၂၆၉ ဦးနှင့် ပြည်ပနိုင်ငံများမှ လာရောက်ယှဉ်ပြိုင်သည့် အားကစားသမား ၁၂၈ ဦး စုစုပေါင်း ၃၉၇ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ၄၂ ကီလိုမီတာတွင် ယခင်နှစ်က ပထမဆုရရှိခဲ့သည့် ကင်ညာနိုင်ငံသား Joseph Gitau Kariuki က ပထမရခဲ့ပြီး ဒုတိယဆုကို မြန်မာနိုင်ငံသား ဝေလင်းထွန်းနှင့် တတိယဆုကို စိုးနိုင်တို့က ရရှိခဲ့သည်။ အမျိုးသမီး ၄၂ ကီလိုမီတာအပြေးပြိုင်ပွဲတွင် ထူးထူးခြားခြား မြန်မာအားကစားသမားသုံးဦးစလုံးက ဆုများသိမ်းပိုက်နိုင်ခဲ့သည်။ ပထမဆုကို မြင့်မြင့်အေး၊ ဒုတိယဆုကို နီလာစန်းနှင့်တတိယဆုကို သီတာချိုတို့ ရရှိခဲ့သည်။

ထို့နောက် ၂၁ ကီလိုမီတာအပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံသား ၆၆၄ ဦး၊ နိုင်ငံခြားသား ၂၆၀ စုစုပေါင်း ၉၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ Paul Kimani Wambui က ပထမနှင့် ဒုတိယဆုကို ကင်ညာနိုင်ငံမှ Jairus Ondora Chanchima တို့က ရရှိခဲ့ပြီး တတိယဆုကို မြန်မာနိုင်ငံမှ ဆန်းနိုင်က ရရှိခဲ့သည်။ အမျိုးသမီး ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Mary Wangui Kiguru၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ အပြေးအားကစားသမား ဖြူဝါသက်နှင့်တတိယဆုကို ခင်မာစီတို့ရရှိခဲ့သည်။ အပျော်တမ်း ငါးကီလိုမီတာပြိုင်ပွဲတွင် မြန်မာအားကစားသမား ၁၂၀၀၊ ပြည်ပအားကစားသမား ၁၇၆ ဦး စုစုပေါင်း ၁၃၇၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲအား ဆုရရှိမှုစာရင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိခဲ့ပေ။

ရိုးမရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အားကစားပြိုင်ပွဲတွင် ပြည်တွင်းပြည်ပမှ စုစုပေါင်းဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမား

စာမျက်နှာ ၉ ကော်လံ ၁

ပုဂံရှေးဟောင်းဘုရားပုထိုးများ ခြောက်နှစ်စီမံကိန်းဖြင့် ပြုပြင်

သတင်း-ကျော်သူဝင်း ❖ ဓာတ်ပုံ-သက်ထက်

ပုဂံ ဇန်နဝါရီ ၁၉

သမိုင်းဝင်ယဉ်ကျေးမှုများဖြင့် ထွန်းကားခဲ့သောပုဂံသည် ကမ္ဘာ့အလယ်တွင် စိတ်ဝင်စားမှုအများဆုံးသော ယဉ်ကျေးမှုအမွေအနှစ်များကြောင့် နိုင်ငံခြားခရီးသွားများ အထူးလာရောက်လည်ပတ်လျက်ရှိသည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံအစိုးရ၏ခွင့်ပြုချက်အရ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအပါအဝင် အခြားစေတီဘုရားများအား မူလအတိုင်း ပြုပြင်ဖော်ထုတ်မွမ်းမံရန် ခြောက်နှစ်စီမံကိန်းဖြင့် အမေရိကန်ဒေါ်လာ နှစ်သန်းအကုန်အကျခံ၍ ပြုပြင်လျက်ရှိသည်။ ထိုသို့ပြုပြင်ရာတွင် အိန္ဒိယရှေးဟောင်းယဉ်ကျေးမှုဌာနပညာရှင်အဖွဲ့မှ ပညာရှင်ခြောက်ဦးက နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

“အိန္ဒိယအစိုးရက မြန်မာနိုင်ငံရဲ့ အထင်ကရရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသမှာ ရှေးမူလက်ရာမပျက် အာနန္ဒာဘုရားအပါအဝင် သိကြားပြဘုရား၊ ရွှေချမ်းသာဘုရား ပြာသာဒ်ဆောင်၊ အာနန္ဒာဘုရားတံတိုင်း၊ အာနန္ဒာဘုရား၏နံရံဆေးရေးပန်းချီများပြန်လည်ဖော်ထုတ်ရန် မြန်မာနိုင်ငံအစိုးရ၏ခွင့်ပြုချက်ဖြင့် လာရောက်ပြုပြင်မွမ်းမံနေခြင်းဖြစ်ပါတယ်။ အခုဆိုရင် နှစ်နှစ်ရှိသွားပါပြီ။ အာနန္ဒာဘုရားရဲ့တံတိုင်းတွေကို ဓာတုဗေဒနည်းနဲ့ အရောင်သုံးမျိုးခွဲခြားပြီး ရှေးမူလက်ရာအတိုင်း

စာမျက်နှာ ၉ ကော်လံ ၄

ယနေ့မာတိကာ

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အထူးကဏ္ဍ
» စာမျက်နှာ A မှ B အထိ

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ
» စာမျက်နှာ ၁၅ မှ ၁၆ အထိ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း
» စာမျက်နှာ C မှ H အထိ

POPULAR PLASTIC
5 years warranty

ရေတူးတန်များအတွက် အရည်အသွေးကောင်းမွန်ပြီး၊ ဈေးနှုန်းသက်သာစွာဖြင့်
အထူးထုတ်လုပ်ထားသော SOGO Gutter Grating
အိမ်၊ ဟိုတယ်များ အဆောက်အဦဆင်ပေးနိုင်သော၊ လိုအပ်သောအရွယ်အစားအတိုင်း
ပြုလုပ်ပေးနိုင်သောအရည်အသွေးအားဖြင့် (၅)နှစ်အာမခံနိုင်သော SOGO Gutter Grating

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသီးလည်းစား အပင်လည်းစိုက်

ကျွန်ုပ်တို့လူမှုအဖွဲ့အစည်းအတွင်း ဆင်းရဲချမ်းသာကွာဟနေရခြင်း၏ အကြောင်းရင်းကိုစိစစ်သော် ကိုယ်တိုင်လုံ့လပြု ကြိုးစားအားထုတ်ခြင်းနှင့် အားမထုတ်ခြင်းဆိုသောအချက်မှာ အဓိကဖြစ်ကြောင်းကို တွေ့ရသည်။ အရာရာတွင် ကိုယ်တိုင် လုံ့လပြုပြီး ကြိုးစားအားထုတ်မှသာ ဖြစ်နိုင်သည်။ အခြေအနေကောင်းတစ်ရပ်သည် မည်ရွေ့မည်မျှပင်ကောင်းမွန်စေကာမူ မိမိကိုယ်တိုင် စိတ်ရောကိုယ်ပါ ကြိုးစားအားထုတ်ခြင်းမပြုလျှင် မဖြစ်နိုင်ပါ။

ပဒေသာပင်ဟူသည်ကား မြေကမပေါက်နိုင်ဆိုသည်ကို လူတိုင်းပင်သိကြပေလိမ့်မည်။ ပဒေသာပင်ပေါက်အောင် မည်သို့လုပ်ကြမည်နည်း။ ဥဖြူမန္တန်အကြိမ်တစ်ထောင်ရွတ်သော်လည်း ဖြစ်လာလိမ့်မည်မဟုတ်ပါ။ တစ်နည်းသာရှိသည်။ မိမိကိုယ်တိုင် အလုပ်လုပ်မှသာလျှင် ပဒေသာပင်ပေါက်နိုင်စွမ်းရှိသည်။ လူတိုင်းလူတိုင်း မိမိကိုယ်တိုင် ကမကထပြု လုပ်ကိုင်ကြိုးစားမှသာလျှင် ပဒေသာပင် အသီးအပွင့်များကို ဆွတ်ခူးနိုင်မည်။ အသီးစားလျှင် အပင်လည်းစိုက်ဖို့လိုသည်။ အရိပ်ခိုလိုလျှင် အပင်လည်းစိုက်တတ်ရမည်။

သို့သော် လူအများစုသည်ကား အသီးသာ စားလိုကြသည်။ အရိပ်သာ ခိုလိုကြသည်။ အသီးစားလျှင် အပင်စိုက်ရမည်ဆိုသည်ကို လုံးလုံးပင် မစဉ်းစားမိကြ။ စဉ်းလည်း မစဉ်းစားကြပါ။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်သာ နေတတ်ကြသည်။ "နေ့စဉ်ထမင်းနပ်မှန်အောင် စားနေရရင် ပြီးတာပဲကွာ"ဟူ၍ ဆိုသူများလှသည်။ မိသားစုတစ်စုအတွင်း ထိုကဲ့သို့သောသူ တစ်ဦးတစ်ယောက်ရှိလျှင်ပင် ထိုမိသားစုမှာ ဝန်ထုပ်ဝန်ပိုး တစ်ခုကဲ့သို့ ဖြစ်ရသည်။ နှစ်ဦးသာရှိလျှင် ထိုမိသားစုမှာ စီးပွားပျက်၍ နာလန်ထူနိုင်တော့မည်မဟုတ်ပါ။

ထိုကဲ့သို့သော မိသားစုများ ရွာတစ်ရွာတွင် အများအပြားရှိလျှင် ထိုရွာသည် တိုးတက်ခြင်း၊ ကြီးပွားခြင်း၊ ချမ်းသာပြည့်စုံခြင်းမဖြစ်နိုင်ပါ။ ထိုမှသည် တိုင်းနိုင်ငံမြို့ရွာအားလုံးအထိ အလုပ်မလုပ်သူများ ပို၍ပို၍ များပြားလာသည်ရှိသော် ဆင်းရဲခြင်းမှ လွတ်ကင်းနိုင်ကြတော့မည်မဟုတ်ပါ။ ကြိုးစားအားထုတ်လိုသူများအတွက် ယနေ့အချိန်အခါသည် အခွင့်အလမ်းများ ပေါ်ထွက်လာနေချိန်ဖြစ်သည်။ ကျေးလက်ဒေသများသာမက မြို့ပြများအထိ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ရေးစသည့် အစီအစဉ်၊ အစီအမံများစွာတို့ ဖော်ဆောင်ပေးနေချိန်ဖြစ်သည်။ ငွေကြေးအရင်းအနှီးအကူအညီ၊ နည်းပညာအကူအညီစသည်ဖြင့် နိုင်ငံတော်ကအကွက်ကျကျ၊ အစီအမံရှိရှိ ဖော်ဆောင်ပေးနေချိန်ဖြစ်ပါသည်။ ထိုအခွင့်အရေးကောင်းကို ရအောင်ယူကာ စနစ်တကျ ကြိုးစားအလုပ်လုပ်ကြရမည် ဖြစ်ပါသည်။

ယနေ့ခေတ်သည် အားလုံးအလုပ်လုပ်ကြရမည့် ခေတ်ကြီးဖြစ်ပါသည်။ ကြိုးစားနိုင်လျှင် ကြိုးစားသလောက်ပေါက်မြောက်အောင်မြင်နိုင်စွမ်းရှိသည့် ခေတ်ကောင်း အခါကောင်းလည်း ဖြစ်ပါသည်။ ငယ်ရွယ်သူကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကလွဲ၍ အလုပ်လုပ်ကြရသည့်ခေတ်လည်း ဖြစ်ပါသည်။ ကြီးပွားတိုးတက်ချမ်းသာလိုလျှင် အလုပ်လုပ်ကြဖို့လိုပါသည်။ အသီးသာစားလိုပြီး အပင်မစိုက်လို၍ မဖြစ်တော့ပါ။ လူတိုင်းလူတိုင်း အသီးစားလိုလျှင် အပင်စိုက်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၉

ကူးစက်ရောဂါကြီး သုံးမျိုးဖြစ်သော ငှက်ဖျား၊ တီဘီ၊ အသည်းရောင်အသားဝါရောဂါဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်များကို အဆင့်မြင့်မော်လီကျူးဗေဒနည်းပညာများဖြင့် ပြုလုပ်နိုင်ရန် လိုအပ်သည်များအား ကူညီထောက်ပံ့ပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူ များစွာဖြစ်စေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ တည်ဆောက်လျက်ရှိသော ကူးစက်ရောဂါသုတေသနဆိုင်ရာ အဆင့်မြင့်ဓာတ်ခွဲခန်းတွင် မော်လီကျူးနည်းပညာအသုံးပြု၍ ကူးစက်ရောဂါရှာဖွေရေး၊ ဆေးယဉ်ပါးသောရောဂါပိုးများ ဖော်ထုတ်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားပြီး အကျိုးရှိသော သုတေသနရလဒ်များမှ တစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ(Chairman of the Foreign Affairs and Unification Committee of the Korean National Assembly) ဒေါက်တာအန်ဟွန်ဂျွန်းက ယခုစီမံကိန်းမှ ရလဒ်များကိုအခြေခံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာရေး မျှော်မှန်းပါကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒေါက်တာအန်ဟွန်ဂျွန်းနှင့် တာဝန်ရှိသူများသည် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါများနှင့်ပတ်သက်၍ အဆင့်တိုးမြှင့် သုတေသနပြုဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တို့အကြား ခေတ်မီသုတေသနဓာတ်ခွဲခန်း တည်ဆောက်ခြင်းအတွက် နှစ်ဖက်သဘောတူလက်မှတ်ကို ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ရေးထိုးခဲ့ပြီး ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံမှပညာရှင်များကို မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း၊ ကျွမ်းကျင်သူများကို ကိုရီးယားသမ္မတနိုင်ငံသို့ ရက်တိုလေ့လာရေးခရီးများ ဖိတ်ခေါ်ခြင်းနှင့် ရက်ရှည် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကူးစက်ရောဂါ သုတေသနဆိုင်ရာ အဆင့်မြင့်ဓာတ်ခွဲခန်းတွင် မော်လီကျူးနည်းပညာ အသုံးပြု၍ကူးစက်ရောဂါရှာဖွေခြင်း၊ ဆေးယဉ်ပါးသောရောဂါပိုးများ ဖော်ထုတ်ရေးလုပ်ငန်းများနှင့် သုတေသနများဆောင်ရွက်နိုင်မည်ဖြစ်ကာ ကူးစက်ရောဂါဖြစ်ပွားနှုန်း၊ သေဆုံးနှုန်းများကျဆင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းအဆောက်အအုံသည် ဇီဝလုံခြုံမှုအဆင့်(၂)ရှိ ဓာတ်ခွဲခန်းများ၊ အစည်းအဝေးခန်းမကြီး၊ ကွန်ပျူတာလေ့ကျင့်ရေးခန်းမများ ပါဝင်သော နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

သန်လျင် ပိုလ်ချုပ်နေဝင်းလမ်းမှ ပြည်သူတို့ သဲဖုန်များ စက္ကန့်မလပ်ရှူရှိုက်နေရ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ ပြည်သူများက သဲသယ်ယာဉ်များ နေ့စဉ်နှင့်အမျှ ဥဒဟို ဖြတ်သန်းနေသည့်အတွက် စက္ကန့်မလပ် သဲဖုန်များ ရှူရှိုက်နေရသည်ဟု ဆိုကြသည်။

ယခင်က သဲကွင်း(သဲဒိုင်) သုံးဦးသာရှိသော်လည်း ယခုအခါ သဲကွင်း(သဲဒိုင်) ၁၁ ဒိုင် ရှိလာသည့်အတွက် သဲသယ်ကားများ ဖြတ်သန်းနေမှုမှာ တစ်နာရီလျှင် ပျမ်းမျှအခေါက်ရေ ၄၀ မျှရှိနေပြီး နံနက် ၅ နာရီကျော်မှ ည ၉ နာရီကျော်အထိ ဆောင်ရွက်နေသဖြင့် နေ့စဉ်ဖြတ်သန်းမှုမှာ အခေါက်ရေ ၆၀၀ ကျော်ရှိနေကြောင်း၊ သဲများသယ်သွားစဉ်အတွင်း လမ်းတစ်လျှောက်ကျခဲ့သော သဲများကြောင့်သန်လျင်မြို့၏ ပထမဦးဆုံးသော ကွန်ကရစ်လမ်းကြီးမှာ ပျက်စီးလာပြီဖြစ်ကြောင်း ဆိုကြသည်။

ထို့ကြောင့် နွေနှင့် ဆောင်းကာလ၌ သဲဖုန်များ အချိန်နှင့်အမျှရှူရှိုက်နေကြရသည့်အတွက် တီဘီရောဂါဖြစ်ပွားပြီး ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသူများရှိသကဲ့သို့ ရက်ရှည်ကျန်းမာရေးအတွက် အလွန်စိုးရိမ်ပူပန်မှုများရှိလာကြသည်။ ထို့အပြင် မိုးကာလ၌ သဲရွှံ့များအကြား ဖြတ်သန်းနေရသည်ဟု လမ်းအတွင်းမှ အမျိုးသမီးကြီးတစ်ဦးက ထပ်မံဆိုခဲ့သည်။

သို့အတွက် လမ်းနေပြည်သူများက သဲကွင်း(သဲဒိုင်) လုပ်ငန်းကို အခြားသင့်လျော်သော တစ်နေရာသို့ ပြောင်းရွှေ့စေချင်ကြောင်း သို့မဟုတ် ဖြတ်သန်းနေသော မောင်းနှင်မှုတို့ကို အခြားသင့်လျော်သော လမ်းကြောင်းသတ်မှတ်၍ ပြောင်းလဲပေးစေချင်ကြောင်း ဆန္ဒများဖြစ်ပေါ်လျက်ရှိရာ ပြည်သူများအကြားမှ ပြည်သူ့စကားသံအဖြစ် ထင်သာမြင်သာတင်ပြပေးလိုက်ရပါသည်။

ကိုကြီးတင်

UMTA
မဟာဘုရားမြတ်စွာတို့ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
Golden
2014 - FEB 02,09,12,16,23,26
Feb - 02,09,12,16,23,26
Mar - 02,09,12,16,23,26,30
Apr - 06,09,13,20,23,27
India Online Visa
Nice Fare Travel Co.,Ltd.
AYARWADDY LEGEND

Travels & Tours Co.,Ltd
01-503925 | 01-527539 | 09-5058894 | Hot Line - 09 421027657

iStock®
Galaxy Software Services Co., Ltd
Contact Us ...

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်လျက်ရှိသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ သက်ဆိုင်ရာအားကစားရုံများတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားရုံ(အေ)၌ ကျင်းပပြုလုပ်သော အမျိုးသမီးထိုင်လျက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့် ထိုင်းနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့် ဖိလစ်ပိုင်နိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းက ထိုင်းနိုင်ငံအသင်းအား ရမှတ် ၂၅-၁၉၊ ၂၅-၂၁၊ ၂၅-၂၀ တို့ဖြင့် သုံးပွဲပြတ်အနိုင်ရရှိကာ ပထမရွှေတံဆိပ် ရရှိခဲ့ပြီး အမျိုးသမီးထိုင်လျက် ဘော်လီဘောပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံအသင်းက အိမ်ရှင်မြန်မာနိုင်ငံအသင်းကို အနိုင်ရရှိသွားခြင်းကြောင့် အိမ်ရှင်မြန်မာနိုင်ငံ အမျိုးသမီးအသင်းက ဒုတိယငွေတံဆိပ်ဆု ရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲအပြီးတွင် အောင်ပွဲရ အိမ်ရှင်မြန်မာအမျိုးသားထိုင်လျက်ဘော်လီဘောအသင်းမှ အားကစားသမားများက အထူးတန်းပွဲကြည့်စင်သို့ လာရောက်၍ တက်ရောက်အားပေးသော ဧည့်ပရိသတ်များအား ဂါရဝပြုနှုတ်ဆက်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောင်ပွဲရမြန်မာအသင်းအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ အားပေးအပ်ချီးမြှင့်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ပွဲရ မြန်မာအားကစားသမားများအား ဂုဏ်ပြုအားပေးစဉ်။ (မြဝတီ)

ဆက်လက်၍ဆုပေးပွဲကို ကျင်းပရာ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အိမ်ရှင်မြန်မာနိုင်ငံအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆုတံဆိပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်ကြူကြူလှက အမှတ်တရအရုပ်များအား လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အလံတင်အခမ်းအနားအားကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းအား သံပြိုင်ရွတ်ဆိုကာ နိုင်ငံတော်အလံအား အလေးပြု၍ ဂုဏ်ပြုကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့အပြင် အမျိုးသမီးထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အိမ်ရှင်မြန်မာအသင်းအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဟိုပန်မြို့၌ ကျင်းပ

ဟိုပန် ဇန်နဝါရီ ၁၉

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားစိတ်ဓာတ်မြင့်တင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့၌ ပါဝင်ဆောင်ရွက်မည့် ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ်လူငယ်များမွေးထုတ်ပေးရန် ရည်မှန်းကာကျင်းပသည့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက် အားပေးကြသည်။ ရှေးဦးစွာ အားကစားပြိုင်ပွဲဝင် ဟိုပန်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ချင်းရွှေဟော်မြို့နယ်ခွဲနှင့် ပန်လုံမြို့နယ်ခွဲ ဘောလုံးအသင်း ၁၂ သင်းတို့က အားကစားအဓိဋ္ဌာန် ပြိုင်တူရွတ်ဆိုပြီး ဖွင့်ပွဲစတင်ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဟိုပန်မြို့နယ် ပန်ခွန်သတ္တုတူးဖော်ရေး ကုမ္ပဏီအသင်းနှင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဇန်နဝါရီလကုန်အထိ ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (စင်ကာပူ) အတွက် လူရွေးချယ်ပွဲနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘိုးလင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ပဏာမလူရွေးချယ်ပွဲနှင့် (၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အလွတ်တန်း ဘိုးလင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ပြည်ထောင်စုနေ့ နံနက် ၉ နာရီခွဲတွင် Asia Point Bowling Center (ရှုခင်းသာဘိုးလင်းအားကစားရုံ) ၌ အမျိုးသားနှင့် အမျိုးသမီး ၂ တန်းခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ ပထမဆု ငွေကျပ် ၅၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀၀၊ စတုတ္ထဆု ငွေကျပ် ၁၀၀၀၀၀၊ ပဉ္စမဆု ငွေကျပ် ၅၀၀၀၀ နှင့် High Game အဖြစ် ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်ခံရပါက နေပြည်တော်၌ စခန်းဝင်လေ့ကျင့်နိုင်သူများဖြစ်ရမည်ဖြစ်ပြီး ဦးဝင်းကြည် ဖုန်း-၀၁-၅၄၂၅၀၉ မြန်မာနိုင်ငံ ကျွမ်းဘားလေ့ကျင့်ရေးရုံး ကျိုက္ကဆံအားကစားကွင်း ရန်ကုန်မြို့၊ ဦးစိုးမိုးအောင် ဖုန်း-၀၉-၈၅၇၃၀၃၇၊ ၀၉-၄၄၄၀၂၃၃၂၊ ချမ်းသာနှင့်သားများဆောက်လုပ်ရေးကုမ္ပဏီ (C&S) သပြေကုန်း (ပ-၈၆-၈၆) ပွဲရုံတန်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ရှုခင်းသာ ဘိုးလင်းအားကစားရုံများသို့ ၃၁-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းများဖတ်ကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်နှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံတွင် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပို့ချခြင်းတို့ကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံနှင့်အတူ ပြည်ပနိုင်ငံများမှ အပြည်ပြည်ဆိုင်ရာ သွားနှင့်ခံတွင်းဆရာဝန်ကြီး ၂၀ ဦး၊ ပြည်တွင်းမှ သွားနှင့်ခံတွင်း ဆရာဝန်ကြီး ခြောက်ဦးတို့က သွားနှင့်ခံတွင်းရောဂါဆိုင်ရာ သုတေသနပြုတွေ့ရှိချက် စာတမ်းများတင်သွင်းဖတ်ကြားဆွေးနွေးဟောပြောပို့ချကြမည်ဖြစ်သည်။

ညီလာခံကျင်းပသည့် ရက်တို့တွင် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများက သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများကိုပါခင်းကျင်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၁၄(တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၂၀ ပြည်သူတို့ရဲ့ စကားသံများ
- ၈း၃၀ အာခါရိုးရာ(ခါးထောင်းဖား) စုပေါင်းနှစ်သစ်ကူးပွဲ
- ၈း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

နေ့လယ်ပိုင်း

- ၁၂း၀၀ ပြည်တွင်းသတင်း
- ၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် **မုန်းရခက်ကြီး** ကျော်သူ၊ မေဆွိ (ဒါရိုက်တာ-ကြီးမြင့်)

ညပိုင်း

- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၇း၅၀ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၂၀း၄၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
- ၂၁း၀၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် **ချစ်သက်ဝေ** (ဇာတ်သိမ်း)

နိုင်ငံတကာသတင်း

အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသစ် ပြည်သူ ၉၈ ရာခိုင်နှုန်းက ထောက်ခံမဲပေး

ကိုင်ရို ဇန်နဝါရီ ၁၉

အီဂျစ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းသစ်ကို ဆန္ဒမဲပေးသူ ပြည်သူ ၉၈ ဒသမ ၁ ရာခိုင်နှုန်းက ထောက်ခံကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းသစ် ထောက်ခံရာတွင် ဆန္ဒမဲပေးခွင့် အရည်အချင်းပြည့်ဝသူ လူပေါင်း ၅၃ သန်းတွင် ၃၈ ဒသမ ၆ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မတီက ပြောသည်။

ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အစ္စလာမ္မစ်ဝါဒီသမ္မတ မိုဟာမက်မော်စီ ဖြုတ်ချခံရခြင်း မတိုင်မီ ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံနှင့် အစားထိုးမည်ဟုဆိုသည်။

ယင်းဥပဒေကြမ်းသည် လွန်ခဲ့သည့်နှစ် ဇူလိုင်လက မော်စီအား ဖြုတ်ချမှုတရားဝင်ဖြစ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးသမားများက ဆိုသည်။

အဆိုပါဥပဒေကြမ်း ထောက်ခံပွဲကို အင်္ဂါနှင့်ဗုဒ္ဓဟူး နှစ်ရက်တိုင်အောင် ပြုလုပ်ခဲ့သည်။ သို့သော် မွတ်စလင်ညီနောင်များအဖွဲ့က သပိတ်မှောက်ခဲ့သည်။ ၎င်းအစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့က မော်စီကို သမ္မတတာဝန်ယူစေလိုနေကြသည်။ ထောက်ခံပွဲ ပထမနေ့တွင် မော်စီကိုထောက်ခံသူများ အပါအဝင် လူအချို့အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့သည်။ သောကြာနေ့တွင် အကြမ်းဖက်မှုဆက်လက် ဖြစ်ပွားရာ လုံခြုံရေးတပ်များနှင့် အဓိကရုဏ်းဖြစ်ပြီး လူလေးဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

မိုဟာမက်မော်စီအနေဖြင့် သူ့အာဏာတည်မြဲရေးအတွက် ၂၀၁၂ ခုနှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည်။ ၎င်းကို ပြည်သူ ၃၃ ရာခိုင်နှုန်းက ကန့်ကွက်ပြီး ၆၄ ရာခိုင်နှုန်းကသာ ထောက်ခံခဲ့သည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသစ်ကို အစ္စလာမ္မစ်ပါတီနှစ်ခုပါဝင်သော အဖွဲ့ဝင် ၅၀ ကို ကော်မတီက ရေးဆွဲခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် တပ်ဖွဲ့ဝင်များ စစ်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ခံရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ယနေ့နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ယာဉ်ပေါ်တွင် ဗုံးခွဲတိုက်ခိုက်ခံရရာမှ ၂၀ သေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အား ဒေသမီဒီယာများ ကိုးကားဖော်ပြထားချက်အရ အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်သော ဖောက်ခွဲမှုဖြစ်သည်ဟု ဆိုသည်။

ဒဏ်ရာရသူအချို့မှာ စိုးရိမ်ဖွယ်အခြေအနေရှိသဖြင့် သေဆုံးသူဦးရေ တိုးလာဖွယ်ရှိသည်။ မည်သည့်အဖွဲ့အစည်းက တိုက်ခိုက်ခြင်းဖြစ်သည်ဟု မသိရသေးပေ။

အဆိုပါပြင်းထန်လှသည့် ပေါက်ကွဲမှုကို မိုင်များစွာအဝေးကပင် ကြားခဲ့ကြရပြီး ဖောက်ခွဲခံရသည့် ယာဉ်တန်းမှ ယာဉ်အများအပြားပျက်စီးခဲ့ရသည်။ **(ဆင်ဟွာ)**

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ အဓိကအတိုက်အခံအုပ်စု တက်ရောက်ရန်ဆုံးဖြတ်

ဒမတ်စကတ် ဇန်နဝါရီ ၁၉

ဆီးရီးယားနိုင်ငံ၏ အဓိကနိုင်ငံရေးအတိုက်အခံအုပ်စုက လာမည့် သီတင်းပတ်တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆုံးဖြတ်လိုက်ခြင်းအပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ကြိုဆိုလိုက်သည်။

ဆီးရီးယားအမျိုးသားညွန့်ပေါင်းအဖွဲ့အနေဖြင့် ယင်းကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းအပေါ် ချီးကျူးပါကြောင်း ဂျွန်ကယ်ရီကပြောကြားသည်။ ယင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယူကေနှင့်ပြင်သစ်တို့က ဦးဆောင်ကျင်းပသွားရန်စီစဉ်ထားသည်။

မွန်ထရီရယ်၌ ကျင်းပမည့် အဆိုပါဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆီးရီးယားနိုင်ငံအတွင်း စစ်ပွဲအဆုံးသတ်ပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းထူထောင်သွားရန်စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

သုံးနှစ်ကြာဖြစ်ပွားခဲ့သည့် အဆိုပါ ပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၀၀၀၀၀ ကျော် သေဆုံးသွားခဲ့ပြီဖြစ်သည်။ လူပေါင်း နှစ်သန်းခန့် နိုင်ငံမှထွက်ပြေးကြရသည်။ ၆ ဒသမ ၅ သန်းမှာလည်း နိုင်ငံတွင်း၌ တိမ်းရှောင်နေကြရသည်။ ဆီးရီးယားအတိုက်အခံအဖွဲ့က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အထက်ပါအတိုင်းစနေနေ့က ဆုံးဖြတ်လိုက်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ချီးကျူးကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ် လက်အောက်မှ ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်တန့်ရမည်ဟု အတိုက်အခံတို့က ဆိုသည်။ **(ဘီဘီစီ)**

သူပုန်များလက်မှ မဟာဗျူဟာမြို့ကို တောင်ဆူဒန်စစ်တပ် ပြန်လည်သိမ်းပိုက်

ဘော်တန် ဇန်နဝါရီ ၁၉

တောင်ဆူဒန်စစ်တပ်က ၎င်းတို့အနေဖြင့် မဟာဗျူဟာကျသည့် ဘော်မြို့ကို သူပုန်တို့လက်မှ ပြန်သိမ်းယူလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းစစ်ဆင်ရေးတွင် တောင်ဆူဒန်စစ်တပ်ကို ယူဂန္ဒာစစ်တပ်က ကူတိုက်ပေးခဲ့သည်ဟု ဆိုသည်။ ထိုအတောအတွင်း သူပုန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်းတို့တပ်များ အဆိုပါမြို့မှ ဆုတ်ခွာခဲ့ကြောင်း ပြောကြားသည်။

ဂျွန်ဂလိုင်ပြည်နယ်၏ မြို့တော် ဘော်မြို့သည် တစ်လခန့်ကြာဖြစ်ပွားသောပဋိပက္ခအတွင်း သူပုန်တို့လက်သို့ကျရောက်ခဲ့ရသည်။ တိုက်ပွဲများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့သည်ဟု ယုံကြည်ရသည်။ ထိုအတောအတွင်း အပစ်အခတ်ရပ်စဲရေး အဖြေရှာရန်ကြိုးပမ်းသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အီသီယိုးပီးယား၌ဆက်လက်ပြုလုပ်လျက်ရှိသည်။

အစိုးရနှင့် သူပုန်တပ်များသည် ဒီဇင်ဘာ ၁၅ ရက်က စတင်တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သမ္မတဖြစ်သူ ဆဲလ်ဗာကီးယားက ဒုတိယသမ္မတ ရိခ်မာရှာကို အာဏာသိမ်းရန် စီစဉ်နေသည်ဟု စွပ်စွဲခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့သည်။ ယင်းတို့နှစ်ဦး၏ ပဋိပက္ခအတွင်း လူမျိုးစုများ သေကျေခဲ့ရသည်။ မစ္စတာကီးယားသည် နိုင်ငံ၏လူမျိုးစုအများဆုံး ဒင်ကါ လူမျိုးစု အသိုင်းအဝိုင်းမှဖြစ်သည်။ မစ္စတာမာရှာမှာ နျူယာလူမျိုးစုမှဖြစ်သည်။ **(ဘီဘီစီ)**

အနူးအညွတ်တောင်းပန်ပါကြောင်း

ဇန်နဝါရီလ ၁၇ရက်တွင် ထုတ်ဝေခဲ့သော မွန်းတည့်နေဂျာနယ် အတွဲ-၂ အမှတ်-၄၊ မျက်နှာဖုံးတွင် သီတဂူဆရာတော်ကြီးနှင့်ပတ်သက်၍ သတင်းတစ်ပုဒ် ဖော်ပြခဲ့ပါသည်။ ထိုသတင်းသည် အတည်မပြုနိုင်သော စာနယ်ဇင်းကျင့်ဝတ်နှင့် မကိုက်ညီသော သတင်းဖြစ်ပါ၍ ပြန်လည်ရုပ်သိမ်းပါသည်။ ဤသတင်းဖော်ပြမှုနှင့်ပတ်သက်၍ ဆရာတော်ကြီးထံ ကန်တော့တောင်းပန်စကား လျှောက်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဆရာတော်ကြီးနှင့်တကွ စာဖတ်သူများအားလုံးကို မွန်းတည့်နေဂျာနယ် တာဝန်ရှိသူများက အနူးအညွတ် တောင်းပန်အပ်ပါသည်။

အမြန်ဆက်သွယ်ပါ

နေမင်းအုပ် အမြန်ဆက်သွယ်ပါ၊ လူကြီးတွေ စိတ်ပူနေသည်။

ဦးနိုင်၊
မကြီး အိချော၊
အန်တီ သီသီမာ
ဖုန်း-၀၉-၅၁၄၁၄၂၆

Mobile Phone PC
Internet
2500 ks

Snack
EAC
0973071901

Snn ရှမ်းညီနောင်
Laptop Computer Sale & Service
Laptop Computer
150000

လိဂ်ဖလားအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ကို မန်ယူတို့ ကျော်ဖြတ်နိုင်ပါ့မလား

လိဂ်ဖလားအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာမို့ မန်ယူနဲ့ မန်စီးတီးတို့ဟာ ပြိုင်ဘက်တွေကို ဖြတ်ကျော်နိုင်ဖို့ အားထုတ်ကြရမှာဖြစ်ပါတယ်။ ပထမအကျော့က ခြောက်ဂိုးပြတ်နိုင်ထားတဲ့ မန်စီးတီးတို့ အခုပွဲ ဝက်စ်ဟမ်းကွင်းမှာ ကစားရပေမယ့် ပထမအကျော့က နှစ်ဂိုး-တစ်ဂိုး နဲ့ရှုံးထားတဲ့ မန်ယူတို့ အိမ်ကွင်းမှာ ဆန်းဒါးလန်းကို ဧည့်ခံရမှာဖြစ်ပြီး မန်ယူပရိသတ်တွေရဲ့ မျှော်လင့်ချက်တွေ ပြည့်နိုင်မယ့် ရလဒ်ထွက်ပေါ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဝက်စ်ဟမ်းနှင့် မန်စီးတီး

ဒီနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ဖလားရယူနိုင်ရေးကြိုးစားနေတဲ့ မန်စီးတီးဟာ အခုအကြိုဗိုလ်လုပွဲအထိ ရောက်ရှိနေပြီဖြစ်တဲ့ လိဂ်ဖလားကိုတော့လက်လွတ်မခံရအောင် ကြိုးစားပါလိမ့်မယ်။ မန်စီးတီးရဲ့ ဒဏ်ရာရနေတဲ့ တိုက်စစ်မှူး အဂူရိုဟာ ဒီပွဲမှာ ကြံ့ခိုင်မှုအပြည့်နဲ့ ပါဝင်ကစားနိုင်ရင် မန်စီးတီးရဲ့ တိုက်စစ်ကို အိမ်ရှင်ဝက်စ်ဟမ်းတို့ အပြင်းအထန်ခုခံ ကာကွယ်ရဖို့ရှိနေပါတယ်။ ဝက်စ်ဟမ်းတို့ကလည်း အိမ်ကွင်းမှာ အဆိပ်ပြင်းတတ်ပြီး ခြေစွမ်းမာကျောတာမို့ မန်စီးတီးတို့လည်းအမာခံကစားသမားတွေ အကုန်ထုတ်သုံးမှ ရပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့ကတော့ အိမ်ကွင်းမှာ ပရိသတ်အားနဲ့ ဖောင်ဖျက်စိတ်ဓာတ်နဲ့ ကစားမှာဖြစ်ပြီး မန်စီးတီးတို့ အခက်တွေ့အောင် စွမ်းဆောင်ပါလိမ့်မယ်။ မန်စီးတီးဟာ ဒီနှစ်ခြေစွမ်းအကောင်း ဘက်ရောက်အောင် ကြိုးစားနေပြီး ဒိုင်ပွဲတွေလည်း ပြန်ရယူနေတာမို့ အရေးကြီးတဲ့ ဒီပွဲမှာတော့ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးတို့ဟာ လိဂ်ဖလားကို ရအောင်ယူဖို့ ရည်မှန်းနေတာမို့ ဒီပွဲမှာ ပြတ်သားတဲ့ ရလဒ်နဲ့ အတူ အနိုင်ရလဒ်ကိုပဲ ရွေးချယ်အားထုတ်မှာ အသေအချာဖြစ်ပါတယ်။

မန်ယူနှင့် ဆန်းဒါးလန်း

ဒီနှစ်မှာ မန်ယူပရိသတ်တွေအတွက် နှစ်သိမ့်စရာအဖြစ် ဖလားရယူပေးဖို့ ဖြစ်နိုင်ခြေရှိတဲ့လိဂ်ဖလားကိုတော့ မန်ယူနည်းပြမိုယက်စ်က စွမ်းဆောင်ပေးနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ မန်ယူဟာ ခြေစွမ်းပိုင်း

မိုးမြင့်လင်းလက်

အားရစရာမရှိ ဖြစ်နေသလို ဒဏ်ရာရနေတဲ့ အဓိကတိုက်စစ်မှူးတွေကြောင့် ပွဲရလဒ်တွေလည်း ဆိုးရွားနေတာမို့ ဒီပွဲမှာတော့ ဘယ်လိုအခင်းအကျင်းနဲ့ ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ဆန်းဒါးလန်းဟာ အသင်းလိုက်ကစားပုံကောင်းလာသလို တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုကလည်း မြင့်တက်နေပါတယ်။ ဒါပေမယ့် တောင်ပံတိုက်စစ်တွေမှာ နားလည်မှုလွဲနေပြီး အမှားအယွင်းတွေရှိနေတတ်တာမို့ မန်ယူတို့အားထည့်ရင်တော့ အိမ်ကွင်းမှာ အခြေအနေကောင်းနိုင်ပါတယ်။ အရေးကြီးတဲ့အချိန်၊ အရေးကြီးတဲ့ ပွဲစဉ်တွေမှာ ပြိုင်ပွဲဝင်စိတ်ဓာတ်မြင့်မားတတ်တဲ့ မန်ယူဟာ ဒီပွဲမှာတော့ ဆန်းဒါးလန်းကို ဖြတ်ကျော်ပြီး ဗိုလ်လုပွဲကို တက်ရောက်မယ့် အခွင့်အရေးများတာတော့ အမှန်ပါပဲ။

မန်စီးတီး ဂိုး ၁၀၀ မြောက်သွင်း

မန်စီးတီးနှင့် ကာဒစ်ဖ်တို့ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ပရီမီယာလိဂ်ပွဲအဖြစ် ဇန်နဝါရီ ၁၈ မန်စီးတီးက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။ မန်စီးတီးတို့ ယင်းပွဲအနိုင်ရလိုက်ခြင်းသည် ယခုနှစ်အတွင်း ဂိုး ၁၀၀ မြောက်အဖြစ် သွင်းယူခဲ့ခြင်းလည်းဖြစ်သည်။ ထိပ်ဆုံးရောက် အာဆင်နယ်နောက်မှ တစ်မှတ်အလိုဖြင့် ကပ်လိုက်လာသည်။ အဖွင့်ဂိုးကို ဒီဇီကိုက သွင်းယူသည်။

ထို့နောက် နွှန်းက ကာဒစ်ဖ်အတွက်ချေပခဲ့သည်။ ယင်းနောက် နာဗက်၊ တိုရေးနှင့် အဂူရိုတို့က တစ်ဂိုးစီသွင်းသည်။ ဆိုးလ်ကင်းဘဲလ်က ပွဲချိန် မိနစ် ၉၀ တွင် ကာဒစ်ဖ်အတွက် ချေပဂိုးတစ်ဂိုးသွင်းသည်။ မန်စီးတီးတို့ ယင်းပွဲအပြီး ယခုနှစ် ရာသီတွင် ၃၄ ပွဲကစားရာ ဂိုး ၁၀၀ မြောက်အထိသွင်းယူခဲ့သည်။ ယင်းမှာ ပရီမီယာလိဂ်သမိုင်းတွင် ပွဲအနည်းဆုံးဖြင့် ဂိုး ၁၀၀ မြောက် အမြန်ဆုံးသွင်းယူနိုင်ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ် ဘတ်တစ်ကို ဂိုးပြတ်သွင်း

ရီးရဲမက်ဒရစ်အသင်းသည် အဝေးကွင်း၌ ရီးရဲဘတ်တစ်ကို ဂိုးပြတ်သွင်း အနိုင်ယူသကဲ့သို့ ဂါရက်ဘေးလ်ကလည်း နှစ်လနီးပါးအတွင်း ပထမဆုံးဂိုးသွင်းယူခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ စီရိုနယ်ဒိုက ဗယားအောက်ဆုံးရောက် ရီးရဲဘက်တစ်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရယူခဲ့ရာ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်က ဗယ်လာဒိုးလစ်နှင့် ပွဲနောက်ဆုံး ဂိုးသွင်းယူပေးခဲ့သော ဂါရက်ဘေးလ်သည် ဘင်ဇီမာ ရီးရဲမက်ဒရစ်အတွက် ဂိုး ၁၀၀ မြောက်မသွင်းမီ အလွတ်တည့်ကန်ဘောမှ လှလှပပသွင်းယူခဲ့သည်။

ဒီမာရီယာနှင့် မိုရာတာတို့ကလည်း တစ်ဂိုးစီသွင်းယူသည်။ ယင်းပွဲအပြီး ရမှတ် ၅၀ ဖြင့် ရီးရဲမက်ဒရစ်တို့ ဘာစီလိုနာ၊ အက်သလက်တီကိုတို့ကို ဖိအားပေးလျက်ရှိသည်။

ဆီရီနာဝီလျံ အီဗန်နိုဗစ်ကို ရှုံးနိမ့်

ဩစတြေးလျအိုးပင်း ငါးကြိမ် မြောက်ချန်ပီယံ ဆီရီနာဝီလျံသည် အီဗန်နိုဗစ်နှင့် ယှဉ်ပြိုင်ရာတွင် ကျောဒဏ်ရာရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ ရသည်။ ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်က ယင်းပွဲတွင် ၄-၆၊ ၆-၃၊ ၆-၃ ဖြင့် နိုင်ခဲ့သည်။ အီဗန်နိုဗစ်နှင့် ဆီရီနာဝီလျံတို့ ငါးပွဲကစားခဲ့ရာ ပထမဆုံး အနိုင်ရခြင်းဖြစ်သည်။

ဆွတ်ဇူး

ပြင်သစ်နှင့် အမေရိကန်အိုးပင်း ချန်ပီယံ ဆီရီနာဝီလျံသည် ၂၀၁၄ ခုနှစ်အတွင်း ဂရင်းဆလမ်ပြိုင်ပွဲကြီးများအားလုံး ချန်ပီယံဆုဆွတ်ခူးရန် ရေပန်းစားလှသော်လည်း ဩစတြေးလျအိုးပင်းကို လက်လွတ်ခဲ့ရပြီဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအမျိုးသားပွဲစဉ်တွင် ဂျိုကိုဗစ်နှင့် ဖက်ဒဲရားတို့ အသီးသီးသောပြိုင်ဘက်များကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်သွားသည်။ အမျိုးသမီး ပွဲစဉ်တွင် တရုတ်တင်းနစ်မယ်လီနာလည်း ကွာတားတက်လာသည်။

ကောင်းမြတ်သူ
စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

ပရီမီယာလိဂ်၊ လာလီဂါ ပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်-၂၂		**ဇန်နဝါရီ၂၀**
ဝက်စ်ဘရွန်း	-	အဲဗာတန်	နံနက် ၂း၃၀

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်-၂၂			**ဇန်နဝါရီ၂၀**
ဝက်စ်ဘရွန်း	-	အဲဗာတန်	နံနက် ၂း၃၀
စပိန်လာလီဂါ ပွဲစဉ်-၂၀			**ဇန်နဝါရီ၂၀**
ဘီလ်ဘာအို	-	ဗယ်လာဒိုလစ်	နံနက် ၃း၃၀

ဇန်နဝါရီ ၁၈/၁၉ ဘောလုံးပွဲရလဒ်များ

အာဆင်နယ်	၂-၀	ဖူလ်ဟမ်
ပဲလေ့စ်	၁-၀	စတုတ်
နော့ဝှစ်ချ်	၁-၀	ဟားလ်စီးတီး
ဝက်စ်ဟမ်း	၁-၃	နယူးကာဆယ်
လီဗာပူး	၂-၂	အက်စ်တွန်ဗီလာ
ရိုးမား	၃-၀	လီဗော်နို
ဂရန်နာဒါ	၀-၀	အိုဆာဆူနာ
အက်စ်ပန်ညို	၁-၀	ဆယ်လ်တာဗီဂို
ဆိုးချော့စ်	၀-၂	မောင့်ပယ်လီယာ
ရန်းနက်စ်	၀-၀	အီဗီယန်
နိုက်စ်	၂-၀	အဂျာစီယို
လော်ရီယန့်	၂-၀	ဂူအင်ဂမ့်
ဘတ်စ်တီယာ	၁-၀	ဘော်ဒိုး
လိဒ်	၀-၁	လက်စတာ
ဘန်လေ	၁-၁	ရှက်ဖီးဝမ်းနက်စ်ဒေး
မီဝေါလ်	၁-၀	အစ်ဆွစ်
နော်တင်ဟမ်	၄-၁	ဘလက်ဘန်း
ဒါဘီ	၁-၀	ဘရိုက်တန်
ဘန်စလေ	၂-၀	ဘလက်ပူးလ်
ကျူပီအာ	၂-၁	ဟက်ဒါဖီးလ်
ဒွန်ကတ်စတာ	၃-၀	ဝီဂန်
ဘုန်းမောက်	၁-၁	ဝက်ဖို့ဒ်
မစ်ဒယ်ဘရော့	၁-၀	ချာလ်တန်
ရီးဒင်း	၇-၁	ဘော်လ်တန်
ဘာမင်ဂမ်	၀-၂	ယီအိုဗီး

ဂျူဗင်တပ်စ် ၁၂ ပွဲ ဆက်တိုက်နိုင်

စီးရီးအေပြိုင်ပွဲတွင် ဂျူဗင်တပ်စ်က ဆမ်ဒိုးရီးယားကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဦးဆောင်လျက်ရှိ

ယင်းအနိုင်ပွဲသည် ဂျူဗင်တပ်စ်အသင်း၏ ၁၂ ပွဲ ဆက်တိုက် အနိုင်ရမှုဖြစ်သည်။ ဇယားထိပ်ကို ဦးဆောင်နေသော ဂျူဗင်တပ်စ်တို့ အာတူရိုဗစ်ဒဲလ်နှင့် တိုက်စစ်မှူး လိုရန်တေးတို့၏ ခေါင်းတိုက်ဂိုးများဖြင့် ဦးဆောင်ကစားခဲ့သည်။ ဘာဇာလေက ကိုယ့်ဂိုးကိုယ်ပြန်သွင်းသဖြင့် ဆမ်ဒိုးရီးယားတို့ တစ်ဂိုးပြန်ရသည်။

သွင်းယူပေး

သို့သော်လည်း ဗစ်ဒဲလ်က ပယ်နယ်တီမှတစ်ဆင့် ဂျူဗင်တပ်စ်အတွက် သွင်းသည်။ ဂျူဗင်တပ်စ်အတွက် စတုတ္ထအနိုင်ဂိုးကို ပေါ့ဘာက သွင်းယူပေးခဲ့သည်။ ဂျူဗင်တပ်စ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဒုတိယနေရာမှ ရိုးမားကို ရှစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

အသိပေးကြေညာချက်

စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN LEADER (V39) သင်္ဘောသည် ၂၁-၁-၂၀၁၄ရက်ခန့်တွင်လည်းကောင်း ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN (V.12) သင်္ဘောသည် ၂၂-၁-၂၀၁၄ ရက်ခန့်တွင်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နတ်လူသာခုခေါ်စေသော်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဗားကရာလမ်း၊ အမှတ် ၂၅၄နေ ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး၊ သား ဇေယျာဦး၊ သမီး အိမွန်ဇော် မိသားစုမှ ကွယ်လွန်သူ ဖခင်ကြီး ဦးကာလီမူတူးအား ရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်းတိတိအား ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့တပည့်များ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

နောက်လိုက်မယ့်သူတွေမရှိရင် ခေါင်းဆောင်မဖြစ်နိုင်သလို တပည့်တွေမရှိရင် ဆရာမဖြစ်နိုင်ပါဘူး။

ကျွန်တော်အခုရေးတဲ့ဆောင်းပါးခေါင်းစဉ်ကို တပည့်တွေက တိုက်တွန်းပေးခဲ့တာဖြစ်ပါတယ်။ မနေ့က ကျွန်တော်အာစရိယပူဇော်ပွဲအခမ်းအနားကို တက်ခဲ့တယ်။ ကန်တော့တဲ့သူတွေက ၁၉၆၆ ခုနှစ်မှာ စီးပွားရေးတက္ကသိုလ်တက်ပြီး ၁၉၇၀ ခုနှစ်မှာ ဘွဲ့ရသွားတဲ့သူတွေ။ သူတို့ဖိတ်စာရပြီး ဒီနှစ်တော့ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

မနှစ်ကမရောက်ခဲ့ဘူး။ သူတို့နဲ့တွေ့တော့ ကျွန်တော့်ရဲ့ဆောင်းပါးတွေကို ဖတ်တဲ့အကြောင်းပြောပြီး တပည့်တွေအကြောင်း ရေးပါဦးလို့တိုက်တွန်းခဲ့ပါတယ်။ သူတို့ပေးတဲ့အကြံကကောင်းတာမို့ ဒီဆောင်းပါးကို ရေးရပါတယ်။

ကျွန်တော့်ရဲ့ ကျောင်းဆရာဘဝကို စိတ်ပိုင်းတဲ့အခါ အပိုင်းသုံးပိုင်းရှိကြောင်း သတိပြုမိပါတယ်။ ပထမပိုင်းက ၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်၊ ဒုတိယပိုင်းက ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ပြည့်နှစ်၊ တတိယပိုင်းကတော့ ၂၀၀၈ ခုနှစ်ကနေ ယနေ့အထိဖြစ်ပါတယ်။

၁၉၆၆ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်မှာ ကျွန်တော်ဟာ စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာ နည်းပြဆရာအဖြစ် တာဝန်ယူခဲ့ရပါတယ်။ ဆရာဖြစ်တော့ အသက် ၂၀ ကျော်မို့ တပည့်တွေနဲ့အသက်မတိမ်းမယိမ်း၊ တပည့်သူငယ်ချင်းတွေလိုဖြစ်နေတာ။ ၁၉၆၆ ခုနှစ်တုန်းက တပည့်တွေက အခုဆိုရင် အသက် ၆၀ ကျော်ကုန်ကြပြီ။ ကျွန်တော်က တပည့်တွေအပေါ် သံယောဇဉ်ကြီးတယ်။ စာမေးပွဲနီးရင် အချိန်ပိုသင်ပေးတယ်။ သမိုင်းဝင်းမှာရှိတဲ့ အဆောင်တွေမှာ ညဘက်ဆိုစာသင်ပေးတယ်။ သူတို့နဲ့အတူ မိန်းကလေးဆောင်တွေမှာ ညဘက်သီချင်းသွားဆိုကြတဲ့အခါ ပါဝင်ခဲ့တယ်။ အားကစားကို သူတို့နဲ့အတူ လုပ်ခဲ့တယ်။

ခြေလျင်တောင်တက်အသင်းမှာ တက်တက်ကြွကြွပါဝင်ခဲ့သလို တက္ကသိုလ်လှေလှော်အသင်းမှာလည်း လှုပ်ရှားခဲ့တယ်။ ဆရာကြီးတွေရဲ့ တာဝန်ပေးမှုကြောင့် တက္ကသိုလ်ပေါင်းစုံ အားကစားပွဲတွေမှာ ပါဝင်ခဲ့သလို စီးပွားရေးတက္ကသိုလ်ရဲ့ အနုပညာအသင်းမှာလည်း ကူညီခဲ့ပါတယ်။ တပည့်တွေဟာ ချစ်ဖို့ကောင်းတယ်။ ပွင့်လင်းတယ်။ ရိုးသားတယ်။ နည်းပြဆရာဖြစ်တာမို့ နည်းပြသင်တန်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံးလိုလိုနဲ့ ရင်းနှီးတယ်။ သူတို့ရဲ့အခက်အခဲတွေကို ပါဝင်ကူညီခဲ့တယ်။ သူတို့အတွက် ဘာလုပ်ပေးရမလဲဆိုတာ အမြဲစဉ်းစားတယ်။

အာစရိယပူဇော်ပွဲလုပ်ပေးတဲ့သူတွေနဲ့ ကျွန်တော်က အရင်းနှီးဆုံး။ သူတို့ကျောင်းရောက်တဲ့နှစ်က ကျွန်တော်ဆရာဖြစ်တဲ့နှစ်ဖြစ်တယ်။ သူတို့ဘွဲ့ရပြီးမှ ကျွန်တော်က နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်ကိုသွားခဲ့တာ။ သူတို့တွေအထဲမှာ ထူးချွန်အောင်မြင်တဲ့သူအများကြီးပဲ။ နှစ်ဦးက ညွှန်ကြားရေးမှူးချုပ်ဖြစ်ခဲ့တယ်။ သူ့နေရာနဲ့သူအောင်မြင်ကြတာ။ ကျွန်တော် ကန်တော့ခံရင်းကြည့်လိုက်တော့ မငယ်ကြတော့တာတွေ့ရပါတယ်။ အသက်တွေရလာကြပြီး ကိုယ်လည်းငယ်မှမငယ်တော့တာ။ ဆရာ ဆရာမကြီးတွေကလည်း ကြီးကုန်ကြပြီ။ တွဲရထူရတဲ့အချိန်။ ကျွန်တော်တရားရမိပါတယ်။ အိုခြင်း၊ နာခြင်းကို မျက်ဝါးထင်ထင်မြင်ရလို့။

ဒုတိယအပိုင်းမှာတော့ ကျွန်တော်နိုင်ငံခြားကပြန်လာပြီး ဆရာဆက်လုပ်တဲ့အချိန်မှာ တွေ့ကြုံရတဲ့တပည့်တွေ၊ ဒီအချိန်မှာတော့ ပုံစံတစ်မျိုးနဲ့ ရင်းနှီးရပြန်ရော။ စာသင်ရုံတင်မကတော့ဘဲ သုတေသနလုပ်ငန်းတွေမှာ တပည့်တွေနဲ့ ရင်းနှီးခဲ့ရပြန်တယ်။ သုတေသနစာတမ်းတွေပြုစုတဲ့နေရာမှာ သူတို့တစ်တွေရဲ့ အကူအညီနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်။ ၁၉၇၇ ခုနှစ်ကနေ ၁၉၈၆ ခုနှစ်အထိ ကြုံခဲ့ရတဲ့တပည့်တွေကိုတော့ ပုံစံတစ်မျိုးနဲ့သံယောဇဉ်ဖြစ်ရပြန်တယ်။ သူတို့တစ်တွေက အခုအထိလုပ်ငန်းခွင်မှာရှိနေဆဲဖြစ်တယ်။ နေရာအသီးသီးမှာ အောင်မြင်နေကြသူတွေပါ။ နေပြည်တော်ရောက်တိုင်း အမြဲဆုံဖြစ်တယ်။

တတိယပိုင်းကတော့ ပုံစံတစ်မျိုး။ ကျွန်တော့်ကို EMBA နဲ့ EMPA သင်တန်းတွေမှာ သင်ကြားခွင့်ပေးခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်မနေ့က EMBA ပထမအသုတ်ကနေ ၁၂ သုတ်အထိ သင်တန်းသားတွေက အာစရိယပူဇော်ပွဲလုပ်ပေးတယ်။ တစ်ရက်တည်းမှာ ကန်တော့ခံနှစ်ကြိမ်၊ တစ်ကြိမ်ကငယ်ငယ်တုန်းက ဆုံခဲ့တဲ့တပည့်တွေဖြစ်ပြီး နောက်တစ်ကြိမ်က မကြာခင်ကမှ ဆုံခဲ့တဲ့တပည့်တွေ။ အခုတပည့်တွေကတော့ ငယ်ငယ်ရွယ်ရွယ်တွေ၊ တက်ကြွမှုအပြည့်နဲ့ဘဝကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့အဆင်သင့်ရှိသူတွေ။ အနာဂတ်အတွက် မျှော်လင့်ချက်အပြည့်နဲ့ သူတို့ကန်တော့နေတာမြင်ရပြန်တော့ စိတ်ထဲကတစ်မျိုးဖြစ်လာပြန်တာ။

ကျွန်တော်တို့ယဉ်ကျေးမှုအရ ဆရာ၊ ဆရာမတွေကို မိဘနဲ့တစ်ဂိုဏ်းတည်းထားပြီး ကြည်ညိုမြတ်နိုးတာဟာ အင်မတန်မှချစ်စဖွယ် အလေ့အထတစ်ရပ်ဖြစ်ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုပြီး ဆရာတွေကို အထွတ်အထိပ်ထားကြပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဆရာတွေကလည်း တပည့်တွေကို ကျေးဇူးတင်ထိုက်တယ်လို့ ထင်မိပါတယ်။

သူတို့အနာဂတ် အဆင်ပြေပါစေ၊ ချောမွေ့ပါစေလို့ ဆုတောင်းမိတယ်။ သူတို့တစ်တွေနဲ့ တိုင်းပြည်ကို ရွှေ့ရမှာဖြစ်တယ်။ သူတို့ရဲ့အင်အား၊ သူတို့ရဲ့ ဉာဏ်၊ လုပ်ရည်ကိုင်ရည်နဲ့ တိုင်းပြည်ရဲ့အနာဂတ်ကို ဖန်တီးရမှာ။ အာစရိယပူဇော်ပွဲဆိုတဲ့ အစဉ်အလာဟာ မြန်မာနိုင်ငံတစ်နိုင်ငံမှာပဲ ထူးထူးခြားခြား ရှိတာပါ။ တစ်နှစ်က နိုဘယ်လ်ဆုရှင်ပါမောက္ခ Stig Lizt နဲ့ စီးပွားရေးတက္ကသိုလ်ဘွဲ့ရအသင်းကပြုလုပ်တဲ့ အာစရိယပူဇော်ပွဲကို တက်ရောက်ရင်း သူ့အနေနဲ့ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဖူးတဲ့ အကြောင်းကို ပြောခဲ့ပါတယ်။

ကျွန်တော်တို့ယဉ်ကျေးမှုအရ ဆရာ၊ ဆရာမတွေကို မိဘနဲ့တစ်ဂိုဏ်းတည်းထားပြီး ကြည်ညိုမြတ်နိုးတာဟာ အင်မတန်မှချစ်စဖွယ် အလေ့အထတစ်ရပ်ဖြစ်ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုပြီး ဆရာတွေကို အထွတ်အထိပ်ထားကြပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဆရာတွေကလည်း တပည့်တွေကို ကျေးဇူးတင်ထိုက်တယ်လို့ ထင်မိပါတယ်။

ဒီလိုပြောတဲ့အတွက် ထုံးတမ်းအစဉ်အလာကို တွန်းလှန်ဖျောက်ဖျက်ဖို့ပြောတာ မဟုတ်ပါဘူး။ တပည့်တွေက ဆရာ ဆရာမတွေကို လေးစားမှုပေးတာက ကောင်းပါတယ်။ တစ်ဖက်က ဆရာ၊ ဆရာမတွေကလည်း တပည့်တွေကို ကျေးဇူးတင်ရမယ်။ တခြားသူတွေနဲ့ဆိုင်ချင်မှဆိုင်မှာပါ။ ကျွန်တော် တစ်ဦးချင်းရဲ့ ဆန္ဒသာဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာ တပည့်တွေကောင်းခဲ့လို့ ကျွန်တော်ဒီလို အခြေအနေရှိတယ်လို့ ယူဆပါတယ်။ ဒီတပည့်တွေ နေရာအနှံ့အပြားရှိနေတာမို့ ဘယ်သွားသွား ကျွန်တော်မျက်နှာမငယ်ရပါဘူး။ အမြဲဦးစားပေးခြင်းခံရပါတယ်။ သူတို့ကြောင့်လည်း ကျွန်တော် လုပ်ငန်းတွေ အဆင်ပြေပါတယ်။ ချောမွေ့လျက်ရှိပါတယ်။

ကျွန်တော်ကံကောင်းပါတယ်။ တပည့်ဆိုးတစ်ဦးတစ်ယောက်နဲ့မှ မဆုံခဲ့ပါဘူး။ မကြုံခဲ့ရပါဘူး။ ပြဿနာလုပ်တဲ့တပည့်မရှိခဲ့ပါဘူး။ ကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော့်တပည့်တစ်ယောက်က သူ့ရည်းစားကို အိမ်ကသဘောတူတဲ့သူနဲ့ ပေးစားတော့မယ်ဆိုတာသိရလို့ သူ့ရည်းစားကို ခိုးပြေးမှ ရတော့မယ်လို့ လာပြောပါတယ်။ ဒါနဲ့ ကျွန်တော်နဲ့ တပည့်တွေစုပြီး ကားငှား၊ ကလေးမ ရောက်မယ့် ရန်ကုန်ဘူတာမှာစောင့်ပြီး ရထားဆိုက်ဆိုက်ချင်း ခိုးပြေးဖို့စီစဉ်ခဲ့ပါတယ်။ အားလုံးအဆင်သင့်ဖြစ်အောင် လုပ်ခဲ့ပါတယ်။ ရထားဆိုက်ဆိုက်ချင်း ကလေးမကိုခေါ်ပြီး ကားပေါ်တင်ခဲ့တယ်။ စိတ်တွေကလည်း ပူလိုက်ရတာ။ ကားပေါ်ရောက်မှ ကလေးမက တကယ်မဟုတ်ဘူး။ ကျီစားတာပါလို့ပြောတော့ စိတ်ဆိုးရခက်ဖြစ်ခဲ့တယ်။ အဲဒီတစ်ကြိမ်ပဲ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာ။

တပည့်ဆိုးတွေနဲ့ မတွေ့ကြုံရပေမယ့် တပည့်ကောင်းမျိုးစုံနဲ့ ဆုံခဲ့ရပါတယ်။ ကျွန်တော့်အတွက် အမြဲအဆင်သင့်ဖြစ်နေတဲ့ တပည့်တွေဖြစ်ခဲ့တယ်။ လိုလေသေးမရှိအောင် အားနာစရာကောင်းတဲ့အထိ အကူအညီပေးကြတယ်။ စောင်မကြပါတယ်။ ကျွန်တော်ဟာ တပည့်တွေနဲ့ပတ်သက်လာရင် စေတနာရှေ့ထားတယ်။ အနစ်နာခံခဲ့တယ်။ ဒီစေတနာကြောင့် ထင်ပါရဲ့ ညီမျှသာလွန်တဲ့ တုံ့ပြန်မှုတွေရှိခဲ့ပါတယ်။ နောက်လိုက်တွေကောင်းရင် ဦးဆောင်သူ ထူးချွန်မှာဖြစ်သလို တပည့်ကောင်းတွေနဲ့ ကြုံခဲ့ရတဲ့ ကျွန်တော်ဟာ ဆရာကောင်းတစ်ယောက်ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့လည်း မိမိရဲ့ဆရာ ဆရာမတွေအပေါ် အမြဲလေးစားခဲ့တယ်။ ကြည်ညိုခဲ့ပါတယ်။ သူတို့ကြောင့် ကျွန်တော်အခုလို အခြေအနေရှိတာကိုလည်း အမြဲအသိအမှတ်ပြုပါတယ်။ ဆရာနဲ့တပည့်၊ တပည့်နဲ့ဆရာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အကျိုးပြုတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်တပည့်တွေအားလုံးကို ဒီဆောင်းပါးနဲ့ ကျေးဇူးတင်ကြောင်း အသိပေးအပ်ပါတယ်။

တပည့်တွေအားလုံး ကိုယ်စိတ်နှလုံး ကျန်းမာ၊ ချမ်းသာကြပါစေ။ ။

အိမ်သာကျင်းတူးရာမှ စစ်ကျန်ဗုံးသီးအလုံး ၁၂၀ တွေ့ရှိ

တောင်ငူ ဇန်နဝါရီ ၁၉

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက အိမ်သာကျင်းတူးရာမှ စစ်ကျန်ဗုံးသီးအလုံး ၁၂၀ မြေကြီးထဲတွင် တစ်နေရာစီ တွေ့ရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာနေ ဦးတင်မောင်၏ နေအိမ်နောက်ဖေး ၁၅ ပေခန့်အကွာတွင် ကိုမင်းဇော်က အိမ်သာကျင်းတူးနေစဉ် အလျားရှစ်ပေ၊ အနံခြောက်ပေအနက် အရောက် အလျားငါးလက်မခန့်၊ လုံးပတ် ခြောက်လက်မခန့်၊ ထိပ်ဝ တစ်လက်မခန့်ရှိပြီး ထိပ်တွင်အရစ်ပါ နောက်ပိတ် နားကွင်းပါ၍ လက်နက်တစ်ခုအတွင်း ထည့်သွင်းပစ်ခတ်ရသော ဗုံးသီးအလုံး ၁၂၀ ကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ တူးဖော်တွေ့ရှိခဲ့သည်ကို ရပ်ကွက် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ပြီး နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက လွှဲပြောင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သူရ(တောင်ငူ)

မြောက်ဥက္ကလာပမြို့နယ်တွင် ပိုင်ရှင်မဲ့ရပ်ထားခဲ့သည့် မော်တော်ယာဉ်တစ်စီးတွေ့ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

မြောက်ဥက္ကလာပမြို့နယ်တွင် ပိုင်ရှင်မဲ့ရပ်ထားခဲ့သည့် မော်တော်ယာဉ်တစ်စီးကို သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၃ ရက် ည ၈ နာရီကစ၍ မြောက်ဥက္ကလာပမြို့နယ် (၁) ရပ်ကွက် သုမိတ္တာ ၂ လမ်းနှင့် ၃ လမ်းအကြား သုမိတ္တာလမ်းမပေါ်တွင် ယာဉ်အမှတ် YGN 8G- 6010 လိုက်ထရပ်အဖြူရောင် ကိုယ်ပိုင်ယာဉ်တစ်စီးရပ်ထားသည်ကို သုမိတ္တာ(၃) လမ်းနေ ဦးသိန်းဝေက တွေ့ရှိခဲ့ကြောင်းသိရပြီး အဆိုပါယာဉ်ကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁နာရီအထိ မည်သူမျှလာရောက်ယူဆောင်ခြင်းမရှိ၍ မြောက်ဥက္ကလာပမြို့မ ရဲစခန်းသို့ အကြောင်းကြားခဲ့သောကြောင့် သွားရောက်စစ်ဆေးပြီး အဆိုပါယာဉ်ကို မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄၂)ယာဉ်ထိန်းတပ်ဖွဲ့စုရုံးတွင် ခေတ္တထိန်းသိမ်းထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

စိုးဝင်း(SP)

ဖြူနီကျားမှာရပ်သည့်ကားများ အရေးယူလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းယာဉ်မရပ်ရ ဖြူနီကျား ဆေးရေးအမှတ်အသား ရေးသားသောနေရာများ၌ ရပ်ထားသော ယာဉ်ခုနစ်စီးကို တစ်နေ့တည်း ကရိန်းကားဖြင့် သယ်မဖမ်းဆီးခဲ့သည့် သတင်းကို ဇန်နဝါရီ ၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယင်းကဲ့သို့ အရေးယူခြင်းကိုဖော်ပြခဲ့မှုကြောင့် ယာဉ်များရပ်နားခြင်း မပြုကြသော်လည်း ဇန်နဝါရီ ၁၈ ရက်က တစ်ဖန် ဖြူနီကျား၌ ပန်းဆိုးတန်းလမ်းတွင် စက်သတ်ရပ်နားထားသော ယာဉ်နှစ်စီးကို ကားဘီးကိုသော့ခတ်ထားကာ စောင့်ဆိုင်းသော်လည်း အချိန်ကြာမြင့်စွာ ယာဉ်ပိုင်ရှင် ရောက်မလာသဖြင့် ကရိန်းကားခေါ်ယူကာ မတင်ဆွဲယူ ဖမ်းဆီးသွားသည်ကို ညနေ ၃ နာရီ ၁၀ မိနစ်က မြင်တွေ့ရသည်။

ယာဉ်ထိန်းတပ်ဖွဲ့စု (၃၃)မှ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူး ဆန်လျန်းက ကျောက်တံတားမြို့နယ်ထဲက ယာဉ်စည်းကမ်း မလိုက်နာတဲ့ ယာဉ်တွေကို လိုက်လံစစ်ဆေးပြီး အရေးယူနေပါတယ်။ ဒီဇင်ဘာ ၁ ရက်မှ အခု ဇန်နဝါရီ ၁၇ ရက်အထိ ကျောက်တံတားမြို့နယ်ထဲမှာ စည်းကမ်းဖောက်တဲ့ ယာဉ်တွေ၊ ချလန်ဖြတ်အရေးယူတာ အစီး ၂၀၀ ကျော်ရှိပါပြီ။ ကရိန်းဆွဲခံရတဲ့ယာဉ်ကတော့ အစီး ၆၀ လောက် ရှိပါတယ်။ တချို့နယ်ကလာပြီး မသိလို့ရပ်ထားတဲ့ သူတွေလည်းရှိတယ်။ မသိလို့ နားမလည်လို့ဆိုပြီး ဥပဒေက ခွင့်လွှတ်လို့မရဘူးလေ။ သတင်းမီဒီယာတွေကလည်း ရေးသားဖော်ပြ သတိပေးထားတာပဲ။

အရင်က ယာဉ်မရပ်ရလမ်းက ၃၇ လမ်းရှိတယ်။ အခုလမ်း ၂၀ ထပ်တိုးပြီး ၅၇ လမ်း ဖြစ်သွားတယ်။ ယာဉ်မောင်းသူတွေ ယာဉ်မရပ်ရလမ်းတွေကို သိထားသင့်တယ်”ဟု စည်းကမ်းဖောက်ဖျက် ယာဉ်များကို ပူးပေါင်းအဖွဲ့ဖြင့် နေ့စဉ် ကွင်းဆင်းဆောင်ရွက်နေခြင်းကို မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပန်ဆောင်မြို့နယ်မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ ထောက်ပံ့ငွေ၊ ဆိုလာမီးအိမ်နှင့် စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်စိုးလွင်၊ အားကစားယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက တပ်မတော်ရဟတ်ယာဉ်ဖြင့် နန်းယွန်းမြို့မှ ပန်ဆောင်မြို့သို့ ရောက်ရှိပြီး ပန်ဆောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တက်ရောက်လာကြသော ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား ထောက်ပံ့ငွေများ၊ ဆိုလာမီးအိမ်များ၊ စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် များစွာအရေးပါပြီး တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီသည်လည်း နိုင်ငံသားများဖြစ်၍တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးများ ရရှိနေပြီဖြစ်ကြောင်း၊ ယခုပန်ဆောင်မြို့နယ်ခွဲသည် အိန္ဒိယနိုင်ငံ အာရိုနာချယ်ပရာဒေ့ရှ် ပြည်နယ် ချန်လန်းခရိုင်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် လုံခြုံရေး အထူးပင်အရေးကြီးကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများသည် ပြည်သူလူထုကိုယ်စား တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့များဖြစ်သည်နှင့်အညီ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဖော်ဆောင်ရာတွင် ပြည်သူလူထုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ပန်ဆောင်မြို့နယ်ခွဲ တိုက်နယ်ဆေးရုံအဆောက်အအုံ ဆောက်လုပ်နေမှုလုပ်ငန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိန္ဒိယနှင့်မြန်မာနယ်စပ်ရှိ နယ်ခြားမှတ်တိုင် BP -173 သို့ရောက်ရှိကာ လုံခြုံရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် နန်းယွန်းမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးရှုစံကြူးက ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့်ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသအတွက်လိုအပ်သည့် ကျန်းမာရေးကဏ္ဍများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် တရားဥပဒေစိုးမိုးမှုရရှိရန်လိုအပ်ကြောင်း၊ တရားဥပဒေကို လေးစားလိုက်နာမှ တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူများနှင့်အတူတကွပူးပေါင်းကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကဏ္ဍများတွင် ဘက်ပေါင်းစုံမှ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဉ်ဘတ်ဂျက်ခွဲဝေချထားပေးမှုများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တစ်ဦးချင်းဝင်ငွေတိုးရေးနှစ်စဉ်ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရေးလုပ်ငန်းစဉ် ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံငွေကြေးအရင်းအနှီးဈေးကွက် တိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာဖြင့် အကူအညီပေးနေသော ဂျပန်နိုင်ငံ (Daiwa Institute of Research)မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်လဲလှယ်ရေးအတွက် ၄င်းတို့အကူအညီပေးမည့် လုပ်ငန်းစဉ်ကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့်တာဝန်ရှိသူများအား ရှင်းလင်းတင်ပြခြင်းကို MICT Park ရှိ ရုံးခန်း၌ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ရာ ဂျပန်နိုင်ငံ (Daiwa Institute of Research) မှ ဒါရိုက်တာ Mr. Akihiro Ninomiya နှင့် တာဝန်ရှိသူများက နည်းပညာမြင့်အိုင်တီစနစ်ဖြင့် ဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်လဲလှယ်ရေးလုပ်ငန်းများကို လက်တွေ့အသုံးပြုမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများဖြင့် ရှင်းလင်းပြသကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့ အမက (၂) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကျင်းပ

ပျော်ဘွယ် ဇန်နဝါရီ ၁၉

ပျော်ဘွယ်မြို့ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ၂၀၁၄ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်နှင့် လက်ထောက်ပညာရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးဦးနှင့်ဆရာဆရာမများ၊ အလှူရှင် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို စတုတ္ထတန်းကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည်စုံညီပွဲတော် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးဦးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခွင့်ရက်မယူသည့်ဆု၊ သင်ကြားမှုထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ညှော့ခံဖျော်ဖြေ

ထို့နောက် တတိယတန်းကျောင်းသူများက တောင်ပေါ်မြေ သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေပြီး ကျောင်းအုပ်ဆရာကြီးဦးကျော်စိုးဦးက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကာ တတိယတန်းကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း၊ အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများက တေးသီချင်းများသီဆို၍ ဧည့်ခံဖျော်ဖြေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဇန်နဝါရီ ၁၉

ရခိုင်ပြည်နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးများအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံဦးစီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြသည်။

ပြောကြား

ယနေ့အစိုးရအဖွဲ့သစ် လက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ် တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ကျေးလက်ဒေသများတွင် ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်နယ်များ၏ အကျိုးစီးပွားကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးများအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ဆွေးနွေးခဲ့

ယင်းနောက် အစည်းအဝေးအစီအစဉ်အပိုင်း(၂)ကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ရခိုင်ပြည်နယ်ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့်ဆပ်ကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အလိုက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြကာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

✽ *ကျောဖုံးမှ*

နည်းပြသစ် တင်ရှားဝုဒ် လက်ထက်၌ စပါးတို့ ရလဒ်ကောင်းများ ရရှိနေပြီး စပါးတို့ ယခုပွဲ အနိုင်ရသဖြင့် ရမှတ် ၄၃ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။

အီတလီစီးရီးအေ

ဇန်နဝါရီ ၁၉ ရက် အီတလီစီးရီးအေ ပွဲစဉ်(၂၀)တွင် လာဇီယိုက အူဒီးနိစ်ကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အတ္တလန္တာက ကာဂလီယာရီကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ကာတာနီးယားက အိမ်ကွင်း၌ ဖီအိုရင်တီးနားကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ဆွမ်ဆီးနှင့် စပါးတို့ ယှဉ်ပြိုင်ကစားစဉ်။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးများ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကြည့်ရှုအားပေး

ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ပထမဆုရ မြန်မာအသင်း အောင်ပွဲခံနေစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၉

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ အာဆီယံ မသန်စွမ်း ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပွဲစဉ် တတိယလုပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်နေမှု၊ လေ့ကျင့်ရေးကွင်း (၃) ၌ CP.7 (A) side ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး တတိယဆုရမလေးရှားအသင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တစ်ဦးချင်း ဆုတံဆိပ်နှင့် အထိမ်းအမှတ်လက်ဆောင်များကို ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ဒုတိယဆုရ စင်ကာပူအသင်းအား လည်းကောင်း၊ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်က ပထမဆုရ မြန်မာအသင်းအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိစားပွဲတင်းနစ်အားကစားရုံ၌ ကျင်းပသည့် စားပွဲတင်တင်းနစ်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမျိုးသား၊ အမျိုးသမီးအသင်းများ CLass အလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား တာဝန်ရှိသူများနှင့်အတူ ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဧကရီဆောင်ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အဆောင်များ ထားရှိလက်ခံလျက်ရှိရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တို့တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် အဆောင်နေ သတ်မှတ်ချက်နှင့် ကိုက်ညီသော ပထမနှစ်မှ တတိယနှစ်ထိ ကျောင်းသူများအတွက် ဧကရီဆောင်ဆိုင်းဘုတ်တင်ပွဲနှင့် အဆောင်ကျောင်းသူများ ကြိုဆိုပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် အင်းလျားလမ်းရှိ အဆိုပါ အဆောင်မျက်နှာစာ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်သည်။

အစီအစဉ်အရ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက ဧကရီဆောင်ဆိုင်းဘုတ်အား ကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး ခေတ္တပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်ကျောင်းအုပ်ကြီးနှင့် အငြိမ်းစားဆရာ ဆရာမကြီးများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အဆောင်နေကျောင်းသူများကြိုဆိုပွဲကို ဧကရီဆောင်တွင်ကျင်းပရာ ခေတ္တပြည်ထောင်စုဝန်ကြီး၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက အမှာစကားများ ပြောကြားကြပြီး အဆောင်နေ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပြန်လည်တင်ဆက် ဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထကနှင့်အထကမြို့မ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး အထကနှင့် အထကမြို့မတို့၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လှည်းကူးအထက (၁) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသက် ၇၀ နှင့်အထက် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းဂါရဝပြု ကန်တော့ကြပြီး အသက် ၈၆ နှစ်ရှိ အငြိမ်းစားဆရာကြီး ဦးကြိုင်အေးအား ကျောင်းသားဟောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကန်တော့ငွေ ဂါရဝပြုလှူဒါန်းပြီး ကျန်ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ငွေများဂါရဝပြု လှူဒါန်းကြသည်။

ထို့နောက် အသက် ၆၀ မှ ၆၉နှစ်ရှိ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြုကန်တော့ကြပြီး ကန်တော့ငွေများ ဂါရဝပြုလှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ကိုယ်စား သက်ကြီး ဆရာကြီးတစ်ဦးက ဆုပေးစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

နတ်မောက် ဇန်နဝါရီ ၁၉

နတ်မောက်မြို့နယ် အသင်း (ရန်ကုန်)နှင့် နတ်မောက် မြို့နယ်သူမြို့နယ်သားများမှ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒောဘာသ သိင်္ဂီ ဦးကျောင်း ခြောက်ထပ်ကြီး ကျောင်းတိုက်ဗဟန်း၊ အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ရ နတ်မောက်မြို့ ဖျောက်ဆိပ်ပင် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နကုဏ္ဍလ၊ ဥဘတောဝိဘင်္ဂရေစာအောင်ဆရာတော် နှစ်ပါး၊ ဓမ္မာစရိယ စာချတန်းအောင် သံဃာတော်များနှင့် စာအောင် သံဃာတော်များ၊ သက်ကြီးနာယက မိဘ၊ ဘိုးဘွားများ ကန်တော့ပွဲ၊ မဟာဘွဲ့ရ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပူဇော်ပွဲကို ဇန်နဝါရီ ၁၉ ရက် (၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာခုကျောင်းတိုက်၌ နတ်မောက် မြို့နယ်သူမြို့နယ်သားများ စည်ကားသိုက်မြိုက်စွာ ပူဇော်ပွဲကျင်းပခဲ့ကြသည်။

အောင်သန်းထွန်း(နတ်မောက်)

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ မြို့နယ်များမှ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာ ကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ (အလုံ၊ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း)မြို့နယ်တို့မှ ပြည်သူ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)** ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသော(လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ) လုပ်ငန်းများ၊ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြစီမံကိန်း (Town Plan) များရေးဆွဲပြီး ပြည်သူများနေထိုင်ရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော်ကြီးကို ၂၀၄၀ ပြည့်နှစ်အထိ မျှော်မှန်း၍သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးအစီအစဉ်များရေးဆွဲထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့ကိုယ်စားလှယ်ရှစ်ဦးက မေးခွန်း (၂၇) ခုကို မေးမြန်းခဲ့ရာ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးခြင်း(၁၇)ချက်၊ ဆက်လက်တင်ပြဆောင်ရွက်ရန် ခုနစ်ချက်၊ အခြားဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြပေးရန် နှစ်ချက်တို့ကို ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မီးဘေးသင့်မိသားစုများအား ထောက်ပံ့ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၂၉) ရပ်ကွက် အောင်တံခွန် ၆ လမ်းတွင် ဇန်နဝါရီ ၁၇ ရက်က အိမ်နှစ်လုံး မီးလောင်သွားခဲ့သည်။ ထိုသို့ မီးထဲပါသွားသည့် အိမ်ထောင်စုနှစ်စုကို (၂၉) ရပ်ကွက်နာရေးကူညီမှုအသင်းမှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် နှစ်အိမ်ထောင် အတွက် ငွေကျပ် ၁၀၀၀၀၀ ထောက်ပံ့ပေးအပ်ပွဲကို (၂၉) ရပ်ကွက်ဓမ္မာရုံနှင့် အောင်တံခွန်(၆) လမ်း မီးလောင်ခြင်းခံခဲ့ရသည့် အိမ်ရှေ့၌ကျင်းပခဲ့သည်။

(၂၉)ရပ်ကွက် နာရေးကူညီမှု အသင်း နာယကများဖြစ်ကြသော ဦးအေးထွန်း၊ ဦးလှအောင်နှင့် အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် အမှုဆောင်များ တက်ရောက်ကြပြီး တစ်အိမ်ထောင်လျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် နှစ်အိမ်ထောင်အတွက် ငွေကျပ် ၁၀၀၀၀၀ ကို အသင်းနာယကဦးလှအောင်နှင့် ဦးအေးထွန်းတို့က မီးလောင်ခြင်းခံခဲ့ရသည့် (၂၉) ရပ်ကွက် အောင်တံခွန်(၆) လမ်းမှ အိမ်အမှတ် (၁၁၀၊ က)မှ ဒေါ်အမာ မိသားစုနှင့် အိမ်အမှတ် (၁၁၀၊ခ)မှ ဦးမျိုးထွန်းမိသားစုတို့ကို ပေးအပ်လိုက်သည်။**(အပေါ်ပုံ)**

(ခရမ်း-စိုးမြင့်)

ပြည်တွင်းသတင်း

စက္ကူစက်ရုံ(စစ်တောင်း)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း) ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ စက္ကူစက်ရုံ (စစ်တောင်း)၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနအောက်တွင် စက်ရုံ ၁၄၄ ရုံခန့်ရှိရာ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စီးပွားရေးတွက်ခြေမကိုက်သည့် State Own Enterprise (S.O.E) လုပ်ငန်းများကို ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (PPP)၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း (JV)၊ ပုဂ္ဂလိကသို့ နှစ်တိုနှစ်ရှည်ငှားရမ်းခြင်း (Lease)စသည်တို့ဖြင့် စက်ရုံတစ်ဝက်ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက္ကူစက်ရုံ (စစ်တောင်း)ကို ရွှေသံလွင်ကုမ္ပဏီသို့ငှားရမ်းခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံလည်ပတ်နိုင်ခြင်းမရှိသေးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့်အခြေအနေများကို နားလည်သဘောပေါက်ပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းရှင်နှင့်ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်မှသာ လုပ်ငန်းများ အဆင်ပြေအောင်မြင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားကြသည်။

စစ်တောင်းစက္ကူစက်ရုံကို ၁-၉-၂၀၁၁ ရက်နေ့တွင် ရွှေသံလွင်ကုမ္ပဏီက စတင်ငှားရမ်းခဲ့ပြီးရှိသည့် ကုန်ကြမ်းဖြင့် လေးလခန့် စက်ရုံလည်ပတ်နိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စက်ရုံအား ရပ်နားထားရကြောင်း၊ ဝန်ထမ်းများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ တာယာစက်ရုံ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်ပေးလျက်ရှိသော အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)သို့ရောက်ရှိကာ စက်ရုံအတွင်း ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)မှ ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပရာ၌ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နွေးထွေးစွာကူညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၏နောက်ဆုံးပွဲစဉ်များနှင့် ဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီခွဲမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာ အားကစားရုံများ၌ ဆက်လက်ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံများမှ အားကစားအဖွဲ့များ၊ မသန်စွမ်းပွဲကြည့်ပရိသတ်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင် အားကစားသမားများ၊ မသန်စွမ်းပွဲကြည့်ပရိသတ်များ၊ လာရောက်ကြည့်ရှုအားပေးသည့် ပြည်သူများ အဆင်ပြေစိတ်ချမ်းမြေ့မှု ရှိစေရေးအတွက် တာဝန်ရှိသူများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက နွေးထွေးစွာ ကြိုဆိုပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(ရဲပြန်ကြား)**

■ ရှေ့ဖုံးမှ

၂၆၉၇ ဦးရှိသည့်အနက် မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်သည့်အားကစားသမား ၂၁၃၃ ဦးရှိပြီး ပြည်ပနိုင်ငံများမှဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမား ၅၆၄ ဦးရှိသည်။ ပြိုင်ပွဲတွင်ဆုရရှိသည့် အားကစားသမားများကို ဆုအလိုက် သတ်မှတ်ခဲ့ရာ ၄၂ ကီလိုတန်းတွင် ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၂၅၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၂၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၈၀၀ တို့ဖြင့်လည်းကောင်း၊ ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆုကို အမေရိကန်ဒေါ်လာ ၁၅၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၈၀၀ နှင့် တတိယဆုကို အမေရိကန်ဒေါ်လာ ၄၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့လက်မှုအနုပညာယွန်းထည်လုပ်ငန်း အလုပ်သမားမျိုးဆက်ပြတ်မှု ထိန်းသိမ်းရန်လိုအပ်

ညောင်ဦး ဇန်နဝါရီ ၁၉

မြန်မာ့လက်မှုအနုပညာတစ်ခုဖြစ်သော ယွန်းထည်လုပ်ငန်းသည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် တော်ဝင်နန်းသုံးအဖြစ်လည်းကောင်း၊ အများပြည်သူသုံးအဖြစ်လည်းကောင်း ထင်ရှားခဲ့သည်။ ထိုယွန်းထည်လုပ်ငန်းသည် ယခုထိတိုင် ပုဂံဒေသ၌ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလုပ်ကိုင်နေသည့် မိရိုးဖလာလုပ်ငန်းလည်းဖြစ်သည်။

သို့သော်ပုဂံဒေသ၌ ခေတ်နှင့်အညီ ပွင့်လင်းလာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းများပေါ်ထွန်းလာသည့်အလျောက် လူငယ်များ၏ စိတ်ဝင်စားမှုသည် ပြောင်းလဲလာခဲ့ပြီး မိရိုးဖလာလက်မှုလုပ်ငန်း ယွန်းထည်များ လုပ်ကိုင်မှုအပေါ် စိတ်ဝင်စားမှု လျော့နည်းလာကြောင်း ယွန်းလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

အလုပ်သမားရှားပါး

"ဘိုးဘွားတွေ လက်ထက်ကတည်းက လုပ်ကိုင်လာခဲ့တာပါ။ အရင်က အလှအပ ဦးစားပေးလုပ်ခဲ့ပေမယ့် အခုတော့ အသုံးဝင်မယ့်၊ အသုံးခံမယ့် လူ့အသုံးအဆောင်ပစ္စည်းတွေကိုပဲ ဆန်းသစ်တီထွင်ပြုလုပ်နေပါတယ်။ ဒီဇိုင်းအနေနဲ့ နိုင်ငံခြားသားတွေ အော်ဒါမှာတဲ့ ပုံစံကိုလည်း တူအောင်ပြုလုပ်ပေးပါတယ်။ ယွန်းထည်လုပ်ငန်းလုပ်ကိုင်တဲ့သူတိုင်း ဒီဇိုင်းလုပ်တတ်ကြပေမယ့် နိုင်ငံခြားအချို့တိုင်းပြည်တွေကို သွားရောက်လေ့လာမှုတွေလည်း ပြုလုပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ယွန်းထည်ပစ္စည်းတွေ အရည်အသွေးကောင်းအောင် နည်းပညာပိုင်းမှာ တိတိကျကျ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေပါတယ်။ ပုဂံကိုလာတဲ့ ပြည်တွင်းပြည်ပဧည့်သည်များဟာ အမှတ်တရအနေနဲ့ ပုံစံမျိုးစုံဝယ်ယူကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ပစ္စည်းအရည်အသွေးကောင်းအောင်လည်း အလုပ်သမားတွေရဲ့ လုပ်ရည်ကိုင်ရည်ကို အမြဲစစ်ဆေးသတိထားပါတယ်။ ကျွန်တော့်လုပ်ငန်းမှာ အလုပ်သမား ၇၀ ခန့် ရှိပါတယ်။ အခုပုဂံဒေသမှာရှိတဲ့ လူငယ်အများစုက ယွန်းပညာကောလိပ်ကိုတက်ပြီး အဲဒီအတတ်ပညာကို အသုံးမချဘဲ အခြားလုပ်ငန်းတွေကို လုပ်ကိုင်နေကြတယ်။ ဒါကြောင့် ယွန်းလုပ်ငန်းတွေမှာ လေ့လာမှုတွေ နည်းသွားတယ်။ အခု အလုပ်သမားရှားပါးမှုပြဿနာက အဓိကကျလာတယ်"ဟု ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းပိုင်ရှင် ဦးစန်းမြင့်က ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကလည်း "အလုပ်သမားတွေအနေနဲ့ ပုဂံမှာ ဟိုတယ်တွေ အလွန်များလာတော့ အဲဒီဘက်ကို ပိုပြီးစိတ်ဝင်စားကြတယ်။ စမတ်ကျကျဝတ်စားပြီး သက်သောင့်သက်သာလေးရှိတော့ အဲဒီအလုပ်ကိုပိုပြီး လုပ်ကိုင်ချင်ကြတယ်။ ကျွန်မတို့ရဲ့ ဒီယွန်းထည်လုပ်ငန်းကတော့ တစ်နေကုန်ခါးချည့်အောင်ထိုင်ပြီး တကုပ်ကုပ်နဲ့ အာရုံမလွှင့်မပျံ့နဲ့ လုပ်ရတာလေ။ ပုဂံမှာ ယွန်းလုပ်ငန်းကို မိသားစု တစ်ပိုင်တစ်နိုင်လုပ်တဲ့သူနဲ့ အလုပ်သမားတွေနဲ့ အလတ်စား ယွန်းထည်လုပ်ငန်း လုပ်ကိုင်ကြသူတွေရှိပါတယ်။ အခုလို အလုပ်သမားရှားပါးလာမှုကြောင့် လုပ်ငန်းတိုးချဲ့ဖို့ မဖြစ်နိုင်ဘူးဖြစ်နေတယ်။ အဓိကကတော့ အလုပ်သမားရှားတဲ့ပြဿနာပါပဲ" ဟု ပြောပြသည်။

ထို့ကြောင့် မြန်မာတို့၏ ယွန်းထည်အနုပညာကို ကမ္ဘာက စိတ်ဝင်တစား လေ့လာဝယ်ယူအားပေးနေကြသော်လည်း ထိုယွန်းထည်အနုပညာကို ဖန်တီးသူပညာရှင်လူငယ်များမှာ မိရိုးဖလာယွန်းလုပ်ငန်းကို စိတ်ဝင်စားမှု မရှိကြတော့သည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။ မြန်မာကို ကမ္ဘာကသိအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြသည့်အချိန်တွင် မိမိတို့မြန်မာလူငယ်များကလည်း တတ်စွမ်းသမျှနှင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

သတင်း-မောင်ကျော်ကြီး၊ ဓာတ်ပုံ-သက်ထက်

မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းများကို တွေ့ရစဉ်။

စက်မှုဇုန်(၄)တွင် နှမ်းလှော်စက်မှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၉

လှိုင်သာယာမြို့နယ် စက်မှုဇုန် (၄) ဦးတရုတ်ကြီးလမ်းရှိ ပြည့်ဖြိုးအောင်ကုမ္ပဏီတွင် ဇန်နဝါရီ ၁၆ ရက် ည ၁၀ နာရီခွဲက နှမ်းလှော်စက်မှတစ်ဆင့် အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးငြိမ်းခဲ့

နှမ်းလှော်စက်မှ အပူလွန်ကဲ၍ ပိုက်လိုင်းမှတစ်ဆင့် မျက်နှာကြက်တွင်ရှိသော နှမ်းလှော်ဆီ၊ ဖုန်များကပ်နေသောနေရာသို့ မီးဟပ်ကာ စတင်လောင်ကျွမ်းခဲ့ပြီး မျက်နှာကြက်အမိုး ပေ(၂၀×၁၀) ပတ်လည် မီးလောင်မှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါမီးလောင်ရာသို့ လှိုင်သာယာမြို့နယ်မီးသတ်ဦးစီးဌာန၊ မရမ်းကုန်းမီးသတ်ဌာနတို့မှ ယာဉ်ငါးစီးရောက်ရှိ ငြိမ်းသတ်ခဲ့ပြီး ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် တာဝန်ကျနှမ်းလှော်စက်တာဝန်ခံ ဖြိုးဝေအောင်(၂၇နှစ်) ဖိုးရာဇာလမ်း အမှတ်(၉) ရပ်ကွက်နေသူကို မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ပေ(၂၀×၁၀) ပတ်လည် ခေါင်မိုးတစ်ဝိုက်သာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(၁၆၄)**

✳ ရှေ့ဖုံးမှ

ပြန်လည်ရရှိအောင် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ သူတို့ရဲ့နည်းပညာက အလွန်ကောင်းပါတယ်။ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အာနန္ဒာဘုရားကြီးရဲ့ နံရံဆေးရေးပန်းချီတွေကိုလည်း ပြန်လည်ဖော်ထုတ်ရာမှာ အရှေ့ဘက်မုခ်ကဆိုတော်တော်ပေါ်လွင်နေပါပြီ။ ဘုရားကြီးရဲ့ ပရိဝုဏ်ရှိ မြေကွက်လပ်တွေမှာ အလှပန်းဥယျာဉ်တွေလည်း စိုက်ပျိုးဖို့လုပ်နေပါတယ်။ ကွဲအက်ပျက်စီးယိုယွင်းနေတာတွေကို သူတို့ရဲ့နည်းပညာနဲ့ ပြန်လည်ပြုပြင်နေပါတယ်။ နောက်ပြီး သိကြားပြဘုရား ကြွခိုင်ရေးတွေလည်း ပြုလုပ်ပြီးပါပြီ။ ရွှေချမ်းသာဘုရားကြီး ပြာသာဒ်ဆောင်ကိုလည်း ပြုပြင်ပြီးနေပါပြီ။ အခုဆိုရင် နိုင်ငံခြားသားခရီးသွားတွေဟာ ပုဂံဒေသဘုရားစေတီပြုပြင်မှုတွေမှာ ငွေလှူဒါန်းမှုတွေအပြင် ဆွမ်းသပိတ်လောင်းလှူပွဲမှာဆိုရင် ကိုယ်တိုင်ကိုယ်ကျ ရဟန်းသံဃာတွေကို ဆွမ်းလောင်းလှူတာတွေရှိလာပါတယ်"ဟု အာနန္ဒာဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ပြောကြားသည်။

အိန္ဒိယရှေးဟောင်းယဉ်ကျေးမှုဌာနမှ ပညာရှင်တစ်ဦးဖြစ်သော မစ္စတာရိုက်က "ကျွန်တော် နိုင်ငံတော်တော်များများမှာ သွားရောက်တာဝန်ထမ်းဆောင်ဖူးပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ လာရောက်တာဝန်ထမ်းဆောင်ရတာပိုပြီး ပျော်ပါတယ်။ စိတ်ဝင်စားဖို့လည်း အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံသား ပုဂံဒေသခံတွေနဲ့ ရင်းနှီးခွင့်ရတာ၊ သူတို့ရဲ့ဖော်ရွေမှုတွေတွေ့ရတာ အလွန်ပဲ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ရှိရာ ပုဂံဘုရားများအား ပြည်တွင်း၊ ပြည်ပဧည့်သည်များ၏စိတ်ဝင်တစားလာရောက် လည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာလျက်ရှိပြီး ဘာသာခြားများပင်ဖြစ်လင့်ကစား ရဟန်းသံဃာများကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလောင်းလှူမှုများလည်း ပြုလုပ်လာကြသဖြင့် ကမ္ဘာ့အလယ်တွင် ပုဂံဒေသသည် ထင်ရှားလာလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ပြည်တွင်းသတင်း

ဆင်စီး၍ဘုရားဖူးလိုသူခရီးသွားများ၏ဆန္ဒအတိုင်း အလောင်းတော်ကဿပ ဆင်ဦးစီးများဝန်ဆောင်မှုပြုပေးလျက်ရှိ

မုံရွာ ဇန်နဝါရီ ၁၉

ပြည်တွင်း ခရီးသွားများသာမက ပြည်ပခရီးသွားများပါ စိတ်ဝင်စားမှုများသော အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် ပခုက္ကူ၊ မုံရွာ၊ ကနီ စသည့်မြို့များမှ မော်တော်ကားအသုံးပြု၍လာရောက်ကြရသလို ကဿပ မရောက်ခင် တစ်မိုင်ခန့်အလို ယာဉ်ရပ်နားစခန်းမှ ကဿပရင်ပြင်တော်သို့ ခြေကျင်ဖြစ်စေ၊ ဆင်စီး၍ဖြစ်စေ သွားရသော တောတန်းအလယ်မှ မြေသားလမ်းခရီးကို ခရီးသွားတို့ ပိုမိုနှစ်သက်ကြကြောင်း သိရသည်။ ထိုသို့ တစ်မိုင်ခရီးသွားရခြင်းကို သက်ကြီးအဘိုးအဘွားများအနေဖြင့် ဆင်စီး၍သွားကြသလို အချို့သောအဘိုးအဘွား သက်ကြီးရွယ်အိုများသည် တောင်ဝှေးကို အားပြု၍ ကုသိုလ်ယူသွားလာရမှုကို ပိုမိုနှစ်သက် ခုံမင်ကြသည်ကိုတွေ့ရသည်။ အချို့သော ဘုရားဖူးအုပ်စုများကမူ ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဆင်စီးပြီး ဘုရားဖူးလိုသောဆန္ဒကြောင့် အသွား၊ အပြန် တစ်မိုင်ခရီးကို ဆင်စီးကြသူများ၍ ကဿပအမျိုးသားဥယျာဉ်အတွင်းရှိ ဆင် ၂၄ ကောင်မှာ ယခုရက်ပိုင်းအတွင်း ဘုရားဖူးပို့ဆောင်ရေး အလုပ်ဖြင့် အလုပ်များနေကြသည်။**(အပေါ်ပုံ)**

ယခုအချိန်သည် ဘုရားဖူးရာသီအစဖြစ်သောကြောင့် ခရီးသွားများ မများပြားလှသေးသော်လည်း တပို့တွဲလပြည့်နှင့် တပေါင်းလပြည့်ကာလများတွင် မုံရွာမြို့မှ ပြေးဆွဲသည့် ကားအသင်းမှန်သမျှ အကုန်ပြေးဆွဲရသည့်အပြင် အော်ဒါငှားပြေးဆွဲပေးသော ကားများပင် အလုပ်ဖြစ်သောရာသီဖြစ်သောကြောင့် ဆင်များမှာလည်း ထိုရာသီတွင် ဆင်အစာစားချိန်လောက်သာ အနားပေးပြီး ဘုရားဖူးများကို အသွားအပြန်ပို့ဆောင်ပေးရကြောင်း ဆင်ဆရာတစ်ဦးထံမှ သိရသည်။

ခရီးသွား မှန်မှန်သာဝင်ရောက်သော ယခုရာသီတွင်မူ ဆင်စီးလိုသူများအနေဖြင့် လမ်းခရီးတစ်လျှောက်တွင် ဓာတ်ပုံရိုက်လိုလျှင်လည်းကောင်း၊ ဆင်ဦးစီးနေရာမှ စီးလိုလျှင်လည်းကောင်းစသည့် မိမိစိတ်ကြိုက်လုပ်လိုသည်များကို ဆင်ဦးစီးများက ခရီးသည် မများသေးသည့်ကာလဖြစ်သောကြောင့် ဝန်ဆောင်မှုများ ပြုပေးလျက်ရှိသော်လည်း ဘုရားဖူးအလွန်များပြားသော ရာသီရောက်လျှင် ထိုသို့သော အခွင့်အရေးမျိုး မပေးနိုင်တော့ကြောင်းကိုလည်း သိခဲ့ရသည်။ ဆင်စီးလိုသူများအနေဖြင့် ဆင်ပုခက်အတွင်း လေးဦး စီးနိုင်ရာ တစ်ဦးလျှင် အသွား နှစ်ထောင်၊ အပြန်နှစ်ထောင်နှုန်းဖြင့် ပို့ဆောင်ပေးနေသလို ယခုလို ခရီးသွားနည်းနေသေးချိန်တွင် အလောင်းတော်ကဿပဝန်းကျင် တောတွင်းလည်ပတ်လိုသူ အုပ်စုများအတွက် ညှိနှိုင်းဈေးဖြင့် လိုက်လံပို့ဆောင်ပေးနေကြောင်းလည်း သိရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာတစ်နိုင်ငံလုံးတွင် တောတွင်းသွားခရီးမှာ အလွန်ရှားပါးလာနေပြီဖြစ်ရာ အလောင်းတော်ကဿပ ခရီးသွားရာသီအဖွင့်ကိုစောင့်၍ သွားလာသော ဘုရားဖူးခရီးသွားများ နှစ်စဉ်များစွာရှိကြောင်း ဦးညိုဝင်းကားသင်းထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အခွန်ဆိုင်ရာကိစ္စရပ်များရှင်းလင်း

မန္တလေး ဇန်နဝါရီ ၁၉

ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များ၊ တရားလွှတ်တော်ရှေ့နေများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အခွန်အကောက်ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မိမိတို့အနေဖြင့် ပြည်သူဗဟိုပြုဆောင်ရွက်နေသည့်အတွက် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများ၊ အတားအဆီးများအား မည်သို့ဖြေရှင်းဆောင်ရွက်ပေးရမည်ကို သိရှိလိုသည့်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အိမ်ခြံမြေလုပ်ငန်းရှင်များမှ အိမ်ခြံမြေတန်ဖိုးသတ်မှတ်မှုအား လက်ရှိကာလပေါက်ဈေးနှင့်အညီ သတ်မှတ်ပေးနိုင်ရေး၊ အိမ်ခြံမြေရောင်းဝယ်မှုအပေါ် ကောက်ခံသည့် ဝင်ငွေခွန်နှုန်းနှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများ လျှော့ပေါ့ပေးနိုင်ရေး၊ တံဆိပ်ခေါင်းလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းနိုင်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အခွန်ဌာန၊ မြေယာစီမံခန့်ခွဲမှုဌာန၊ ရေနှင့်သန့်ရှင်းရေးဌာနတို့မှ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အခွန်ဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံ၍ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

တင်မောင်(မန္တလေး)

YCDC မှ ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်းကကြီးကြပ်သော YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် YCDC Cup Winter Senior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၉ ရက်မှ၃၁ ရက်အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲမှာ အဆင့်မြင့်ပညာရှင်အဆင့် ၅၄ ကျင်း ပြိုင်ပွဲဖြစ်ပြီး Myanmar P.G.A၊ Senior P.G.A ဂေါက်သီးရိုက်ပညာရှင်အသင်းဝင် ကစားသမားများနှင့် ဖိတ်ခေါ်မြန်မာလက်ရွေးစင် အပျော်တမ်းကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အခြားအပျော်တမ်းဂေါက်သီးရိုက်ကစားသမားများနှင့် သက်ကြီးတန်းကစားသမားများ PRO ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ရည်ရွယ်၍ Handicap 0-9 အဆင့်ရှိ အပျော်တမ်းကစားသမား ၁၀ ဦးစီကို လက်ရည်စစ်ရွေးချယ်ကာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်သည်။

အပျော်တမ်းကစားသမားများနှင့် သက်ကြီးတန်း (အသက် ၅၀နှင့်အထက်) ကစားသမားများအတွက် အကြိုလက်ရည်စစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ၁၈ ကျင်းအချက်အကျော့မဲ့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် အပျော်တမ်းကစားသမားများသည် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ၄င်းပြိုင်ပွဲမှ အကောင်းဆုံးကစားနိုင်သူ ၁၀ ဦးစီကို YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပျော်တမ်းကစားသမားအနေဖြင့်ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အဆင့်မြင့်ပညာရှင်အဆင့် PRO ပြိုင်ပွဲဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် ဆုကြေးလက်ခံရယူခွင့်မရှိဘဲ ယင်းပြိုင်ပွဲနှစ်ရပ်မှ အကောင်းဆုံး အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားဆု ငါးဆုစီကို အဆင့်လိုက် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မြို့တော်ဂေါက်ကွင်း ဧည့်ကြိုဌာန ဖုန်း-၀၉-၄၂၁၁၁၉၉၃၂၊ ၀၁-၆၄၀၀၈၆၊ ၀၁-၆၄၁၃၄၃ နှင့် ၀၉-၅၀၄၅၅၅၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
- ☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

သုတဘာဏ်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဒုတိယအကြိမ် သုတဘာဏ်စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၁၇၃/၁၇၅)ရှစ်လွှာရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမ ဒေါ်ခင်နန်းမွန် (နန်းမွန်ဟိန်း)က မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းတို့အတွက် အလှူငွေကျပ်ငါးသိန်းစီကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စာတမ်းရှင် ဦးကြည်စိန် (မော်ဝန်းကြည်မြတ်)က "ဂီတနက်သန်ဂန္ထဝင်ရေစီး"စာတမ်းကို ဖတ်ကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာတမ်းရှင်အား ဂုဏ်ပြုချီးမြှင့်သည်။ နိုင်ငံတော်၏ စာပေယဉ်ကျေးမှုမျက်နှာစာတွင် စာပေပညာပြန့်ပွားရေး၊ စာမဖတ်သူပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ စာပေယဉ်ကျေးမှုကို ဆောင်ရွက်လျက်ရှိသလို စာပေပညာရှင်များ၊ စာပေသုတေသီများ၊ စာပေဝါသနာရှင်များအတွက် စာပေယဉ်ကျေးမှုအပေါ်တွင် အခြေခံသော စာတမ်းဖတ်ပွဲများကို ပြုလုပ်လျက်ရှိသည်။

(သတင်းစဉ်)

ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးများပြုလုပ်

ပုဂံ ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ယူနီဆက်တို့ပူးပေါင်းပြုလုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၁ ရက်မှ ၂၆ ရက်အထိ ပုဂံ-ညောင်ဦးမြို့နယ် အာနန္ဒာဘုရားပရိဝုဏ်၌ ကလေးများနှင့် ကလေးမိဘများအား အသိပညာပေးဟောပြောခြင်းနှင့် ရေးဖြေပြုလုပ်ခြင်းနှင့် ကလေးငယ်များကစားနည်းများဖြင့် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ကလေးတွေရဲ့အခွင့်အရေးသိစေချင်ပြီး မိဘတွေကိုလည်း ကလေးတွေအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်တွေကို ဆောင်ရွက်ပေးရန် ပျက်ကွက်မှုများကြောင့် ကလေးတွေရဲ့ကျန်းမာရေး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု ပြင်းထန်စွာထိခိုက်စေပါတယ်။ စားဝတ်နေရေးပံ့ပိုးပေးရန် အားနည်းမှုတွေကြောင့် ကလေးတွေရဲ့လိုအပ်ချက်များကို လျစ်လျူရှုခြင်း သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ပေးမှုမရှိခြင်းတို့ကြောင့် ကလေးတွေ အများကြီး စိတ်ထိခိုက်ရပါတယ်။ နောက်ပြီး ကလေးတွေအပေါ် စီးပွားရေးအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့မှ ကာကွယ်ခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်း စတာတွေကို ကလေး၊ လူကြီး လာတဲ့လူတိုင်းကို ဟောပြောအသိပေးပါတယ်"ဟု ကွင်းဆင်းကြီးကြပ်ရေးမှူး ဒေါ်နီလာခိုင်က ပြောပြသည်။

ဆက်လက်၍ ၎င်းက "ကျွန်မတို့ ပုဂံ-ညောင်ဦးဒေသမှာရှိတဲ့ ကလေးတွေကတော့ ကလေးသူငယ်အခွင့်အရေးကို တော်တော်သိနေပါပြီ။ ဒီပုဂံမှာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေ လာလည်ပတ်တဲ့နေရာဖြစ်တော့ ကလေးတွေ ပိုသိထားသင့်တယ်လေ။ ဒီက ကလေးတွေက နေ့ဘက်မှာတော့ ဘုရား၊ စေတီတွေမှာရှိနေပြီး မိုးချုပ်တာနဲ့ အိမ်ပြန်ကျတော့ ပြဿနာသိပ်မရှိတော့ဘူးပေါ့။ ဒါပေမယ့်လည်း လူကြီးတွေအထိ ကလေးသူငယ်အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့်သိစေချင်တာကြောင့် ဒီလိုရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါတယ်" ဟု ပြောပြသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် Convention on the Right of the Child (CRC) သည် ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် ထုတ်ပြန်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များကို မန္တလေးတိုင်းဒေသကြီးတွင် မဟာအောင်မြေ၊ ပုဂံ-ညောင်ဦး၊ ကရင်ပြည်နယ်တွင် ဘားအံမြို့၊ မွန်ပြည်နယ်တွင် သထုံမြို့နှင့် ရခိုင်ပြည်နယ်တွင် စစ်တွေ၊ မြေပုံမြို့များတွင် ယူနီဆက်က ရုံးများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပုဂံညောင်ဦးတွင် ပြပွဲ၊ ဟောပွဲများ ပြုလုပ်သည်မှာ သုံးကြိမ်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒေသခံများနှင့် ဧည့်သည် နိုင်ငံခြားသားများကိုလည်း ရှင်းပြပေးလျက်ရှိကြောင်း သိရသည်။

သတင်း-ကျော်သူဝင်း၊ ဓာတ်ပုံ-ရာမည

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုရန်အတွက် လိုက်နာရမည့်အချက်များ

နေပြည်တော် ဇန်နဝါရီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်မှန်းချက်မှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးဖြစ်ပြီး ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ငန်းတာဝန်(၄)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ“ယာဉ်မောင်းလိုင်စင်များကိုစစ်ဆေးလျက် ဥပဒေနှင့်အညီထုတ်ပေးခြင်း” ဟူသော လုပ်ငန်းတာဝန်တစ်ရပ်လည်း ပါဝင်သည်။

ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား ယာဉ်မောင်းသင်တန်းကျောင်းတက်ရောက်ပြီးမှ ဖြေဆိုခွင့်ပြုရေးကို ၂၀၀၈ ခုနှစ်မတိုင်မီကာလက ကျင့်သုံးခဲ့ခြင်းမရှိပါ။ ထိုစဉ်က ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြရန်မလိုအပ်ဘဲ မိမိနည်းမိမိဟန်ဖြင့် ယာဉ်မောင်းသင်၍ တတ်မြောက်ပြီး ယာဉ်မောင်းဖြေဆိုခွင့်လာရောက်လျှောက်ထားပါက အမောင်းသင်လိုင်စင် ခြောက်လပြည့်/မပြည့်နှင့် အသက်(၁၈)နှစ် ပြည့်/မပြည့်ကိုသာ စိစစ်၍ ဖြေဆိုခွင့်ပြုသည့်စနစ်ကို ကျင့်သုံးခဲ့သည်။

တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်နှင့်အညီ တိုးတက်များပြားလာသော ယာဉ်နှင့် လူဦးရေများအရ ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် ယာဉ်မောင်းလိုသူများသည် ယာဉ်မောင်းကောင်းတစ်ဦးဖြစ်ရန် အမောင်းသင်စကပင် စနစ်တကျ သင်ယူလေ့ကျင့်တတ်မြောက်ရန်လိုအပ်သည်။ ယာဉ်တိုက်မှုဖြစ်ရခြင်းအကြောင်းအရင်းများကို ဆန်းစစ်ကြည့်ရာတွင် ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အခြေခံအားဖြင့် ယာဉ်ကိုကောင်းမွန်စွာ မောင်းနှင်တတ်သော်လည်း ယာဉ်မောင်းနှင်မှု စည်းကမ်းများ နားမလည်ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ၊ ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းများ၊ နားလည်သိရှိရန်လိုအပ်သည်။ နိုင်ငံတကာတွင်လည်း ယာဉ်မောင်းသင်တန်းတက်ရောက်ပြီးသူများကိုသာ စစ်ဆေး၍အောင်မြင်မှသာ လိုင်စင်ထုတ်ပေးလျက်ရှိသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ အရည်အချင်းပြည့်ဝသော ယာဉ်မောင်းများ လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ယာဉ်မောင်းသင်တန်းကျောင်းများရှိသော ရန်ကုန်တိုင်းဒေသကြီးနယ်မြေ၌ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ယာဉ်မောင်းသင်တန်းကျောင်း တက်ပြီးကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ပါရှိမှသာ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ အခန်း(၅)၊ ပုဒ်မ (၉၁)အရ လုပ်ထုံး လုပ်နည်းများနှင့်အညီ အမြင် အရောင်ခွဲခြားစစ်ဆေးခြင်း (Color Blind Test)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေစစ်ဆေးခြင်း၊ ယာဉ်မောင်းလက်တွေ့ဖြေဆိုခြင်းတို့ကို ပြုလုပ်ပြီး အောင်မြင်ပါက သတ်မှတ်ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်၍ ယခင်စနစ်ဟောင်းအတိုင်း ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်မပါဘဲ ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်းကို ပြန်လည်ပြင်ဆင်ပြုလုပ်ရန် သင့်လျော်မည်မဟုတ်ကြောင်း တွေ့ရှိရသည်။ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ အခန်း (၅)၊ ပုဒ်မ (၈၃)အရ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ မှတ်ပုံတင်၍ ဖွင့်လှစ်ထားသော စနစ်တကျမောင်းနှင်နိုင်အောင် သင်ကြားပေးသည့် ယာဉ်မောင်းသင်တန်းကျောင်းများအဖြစ် ဌာနဆိုင်ရာ ၁၃ ကျောင်းနှင့် ပုဂ္ဂလိကကျောင်း ၂၀ စုစုပေါင်း ၃၃ ကျောင်းရှိသည်။

ယာဉ်မောင်းသင်တန်းကျောင်းများသည် သင်တန်းကြေးအဖြစ် ငွေကျပ် ၇၀၀၀၀ မှ ၁၀၀၀၀၀ အထိ ကောက်ခံလျက်ရှိပြီး ထိုသို့ကောက်ခံရခြင်းမှာလည်း သင်တန်းကျောင်းဖွင့်လှစ်ရန်လိုအပ်သည့် မြေနေရာ၊ အဆောက်အအုံ၊ ပရိဘောဂများ၊ ယာဉ်မောင်းသင်ရန် မော်တော်ယာဉ်၊ စက်သုံးဆီ၊ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းဆရာများ စသည်တို့အတွက် ရင်းနှီးမြှုပ်နှံထားရခြင်းများကြောင့် ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်ထားသော ရွှေမြင်သာယာဉ်မောင်းသင်တန်းကျောင်းသည် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ အမြတ်ရရှိရန်အဓိကမထားဘဲ ကုန်ကျစရိတ်ကာမိရုံမျှဖြစ်သော သင်တန်းကြေး ငွေကျပ် ၅၀၀၀၀ ကောက်ခံ၍ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယာဉ်မောင်း သင်တန်းကျောင်းများက စနစ်တကျ မောင်းနှင်နိုင်အောင် သင်ကြားဆောင်ရွက်ပေးစေလိုခြင်းအတွက် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများတွင် ပုဒ်မ (၈၆)ဖြင့် သတ်မှတ်အရည်အချင်းပြည့်စုံခြင်း ရှိ၊ မရှိ စစ်ဆေးရန် ပြဋ္ဌာန်းထားရှိကြောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများဦးဆောင်၍ ယာဉ်မောင်းသင်တန်းကျောင်း ကြီးကြပ်ရေးကော်မတီဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်ကျည်းသားများတင်ဆောင်လာသောယာဉ် တိမ်းမှောက်

ရေစကြို ဇန်နဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာအနီး၌ ယာဉ်တစ်စီးတိမ်းမှောက်ပြီး လူသုံးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲခန့်က ကြက်ဆူကျင်းကျေးရွာအဝင်၌ ယာဉ်တစ်စီး တိမ်းမှောက်ကြောင်းသတင်းအရ ရေစကြိုမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်တင်မိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးကြရာ ရေစကြို-ညောင်ပင်ကြီးကားလမ်းအတိုင်း ရေစကြိုမြို့သို့ ယာဉ်မောင်းမင်းထိုက် မောင်းနှင်လာသော မန်ကျည်းသားများ တင်ဆောင်လာသည့် ၉C/. . . Lifan အမျိုးအစားခြောက်ဘီးယာဉ် **(အပေါ်ပုံ)**မှာ ကြက်ဆူကျင်းရွာအနီး မိုင်တိုင် ၃၂ အရောက် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏မြောက်ဘက်သို့ ထိုးကျတိမ်းမှောက်ရာ ယာဉ်ပေါ်တွင်ပါလာသူ ဦးသန်းလွင်၊ ဦးသန်းကျော်၊ ဦးသန်းတူးတို့သုံးဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ရဲအုပ်တင်မိုးက ရဲဆေးစာဖြင့် ရေစကြိုမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်ကိုမဆင်မခြင် မောင်းနှင်သူ မင်းထိုက်အား ရေစကြိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်ပေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး(သန်လျင်)မှ လက်ထောက်အင်ဂျင်နီယာ ဦးတေဇာအောင်နှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၈ ရက်က မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများကို ဒလမြို့နယ်တွင် အခြေပြု၍ ကမာကသွယ် ရာဇသင်္ကြန်လမ်းရှိ ဒလ(ကညန)ရုံးခွဲ၌ နေ့ချင်းပြီး နယ်လှည့်ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးခဲ့သည်။

ဖြန့်ဝေပေး

အဆိုပါ ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းကို ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များမှ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပိုင်ရှင် အများအပြား လာရောက်လုပ်ကိုင်ကြပြီး ယာဉ်အသုံးပြုသူများ လိုက်နာရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်း စာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဌေး(ဒလ)

သုံးခွမြို့ ပြည်သူ့ဆေးရုံသို့ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာတိုးတိုး ဦးဆောင်သည့်အဖွဲ့ဝင် ၂၉ ဦးသည် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများ၊ အရိုးအထူးကု ဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်ဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးဆရာကြီးများအဖွဲ့သည် လူနာပေါင်း ၇၀၄ ဦးအား အခမဲ့ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်တာ
တစ်သုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-A/၂)၊ မြေကွက်အမှတ် ၂၉၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်(၅)ဟုခေါ်တွင်သော အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်ပိုင်ရှင်များဖြစ်ကြသော ဒေါ်ခင်သက် ၁၂/စခန(နိုင်)၀၀၈၄၆၄+၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

N. W Construction ကိုနိုင်ဝင်းအား အနူးအညွတ်တောင်းပန်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၆/အပိုင်း(၁)၊ မြေကွက်အမှတ် ၉၉၁၊ နှစ် ၆၀ ဂရန်မြေဧရိယာ အကျယ်ပေ (၄၀×၆၀) အမည်ပေါက် ဦးတင်အေး ၁၂/ဥကတ(နိုင်) ၁၁၇၅၇၁ မှ မိမိပိုင်အဆိုပါမြေကွက်အား ခြောက်ထပ်ရင်ကွဲ (၁၂)ခန်းပါ ဟောတိုက် (Hall Type) PAE စနစ် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် N.W Construction ကိုနိုင်ဝင်း ၁၂/သဃက(နိုင်)၀၃၄၃၆၅အား ၁၀-၉-၂၀၁၃ရက်တွင် စရန်ငွေအဖြစ် ကျပ်သိန်းတစ်ရာတိတိပေးပြီး လုပ်ငန်းအပ်နှံခဲ့ပါသည်။

လုပ်ငန်းအပ်နှံပြီးနောက်ပိုင်းတွင် လုပ်ငန်းအပ်နှံသူ မြေကွက်ပိုင်ရှင်ဦးတင်အေးဘက်မှ အမျိုးမျိုးသော အခက်အခဲများနှင့် ကျန်းမာရေးအခြေအနေတို့ကြောင့် လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့သဖြင့် လုပ်ငန်းအပ်နှံမှုရုပ်သိမ်းလိုကြောင်း ကမ်းလှမ်းခဲ့ရာ N.W Construction ကိုနိုင်ဝင်းမှ မိမိအကျိုးအမြတ်အတွက်မတွက်ဘဲ ညှာတာထောက်ထားမှုအပြည့်ဖြင့် လုပ်ငန်းအပ်နှံမှုရုပ်သိမ်းခြင်းအား ပြေလည်စွာလက်ခံပေးခဲ့သဖြင့် လုပ်ငန်းအပ်နှံသူ ဦးတင်အေးဘက်မှ လွန်စွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်းနှင့် N.W Construction ကိုနိုင်ဝင်း၏ သဘောထားကြီးမှုအပေါ် လေးစားဂုဏ်ပြုသည့်အနေဖြင့် လုပ်ငန်းအပ်နှံသူဘက်မှ လုပ်ငန်းအပ်နှံစဉ် ပေးချေထားသောစရန်ငွေ ကျပ်သိန်း တစ်ရာတိတိအား မိမိပျက်ကွက်မှုအပေါ် တာဝန်ယူသည့်အနေဖြင့် ပြန်လည်တောင်းခံခြင်းမပြုတော့ပါကြောင်းနှင့် N.W Construction ကိုနိုင်ဝင်းဘက်မှ သဘောထားကြီးစွာဖြင့် လုပ်ငန်းအပ်နှံသူမှ လွှဲအပ်ထားသောအထွေထွေကိုယ်စားလှယ်လွှဲစာ (GP) အား ဤကြော်ငြာပါသည့်ရက်တွင် ပြန်လည်ပေးအပ်ရန် သဘောတူညီမှုအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် N.W Construction ကိုနိုင်ဝင်းတို့အဖွဲ့သားများအားလုံး လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်၍ အောင်မြင်မှုဂုဏ်သတင်းများ တိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မိမိ၏လုပ်ငန်းအပ်နှံမှုပျက်ကွက်ခြင်းအား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။

ကျေးဇူးအထူးတင်ရှိစွာဖြင့်
ဦးတင်အေး
၁၂/ဥကတ(နိုင်)၁၁၇၅၇၁
အမှတ် ၉၉၁၊ သုမင်္ဂလာလမ်း၊ ၁၆/အပိုင်း (၁)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အသောကလမ်း၊ အမှတ် ၁၀၊ ပထမထပ်နေ (ဦးကျော်လှ)-ဒေါ်စန်းတင်တို့၏သား ဦးအောင်ကျော်ဝင်း(ခ)မျိုးအောင် ၁၂/တမန(နိုင်) ၀၀၈၆၆၂သည် မိခင်၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ပြောဆိုနေသည်မှာ ကြာပြီဖြစ်ပါ၍ ယနေ့မှစ၍ သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်အားလုံးကိုလည်း တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)

မိခင်-ဒေါ်စန်းတင်

ဇနီးအဖြစ်သက်ဆိုင်မှုမရှိတော့ကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးဇော်ထွန်းထွန်း ၁၄/ဟသတ(နိုင်)၂၅၁၃၁၄ ၏ဇနီး မသီသီလွင် ၁၄/ဟသတ(နိုင်)၂၂၁၆၇၂ သည် မိသားစုနှင့်ကလေးနှစ်ယောက်ကိုထားခဲ့၍ အကြိမ်ကြိမ်အခါခါ နေအိမ်မှဆင်းသွားတတ်ပြီး နေအိမ်မှဆင်းသွားခဲ့သည်မှာ တစ်လခန့်ရှိပြီဖြစ်ပါသဖြင့် မိမိ၏ဇနီးအဖြစ် သက်ဆိုင်မှုမရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ထွန်းထွန်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တခမသီးများ ဖားကရာဆိပ်သို့ဝင်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၉

မူလအသီးအတိုင်း ခွဲ၍စားလျှင်ပင် အရသာရှိသောအသီး။ ထို့အပြင် သကြား၊ နို့ဆီ၊ ရေခဲတို့ဖြင့်ရောစပ်၍ အအေးဆိုင်များတွင် တင်ရောင်းသည့် အသီးမှာ အများအခေါ် သခွားမွှေးသီး ဒေသအခေါ် တခမသီးဖြစ်သည်။ တစ်နှစ်တစ်ခါမှသာ ရာသီအလိုက်ပေါ်သောအသီးဖြစ်သည်။ အချို့လည်း လုံးလုံးဝိုင်းဝိုင်း အစင်းကျားနှင့် ချစ်စရာကောင်းသကဲ့သို့ အချို့လည်း ရှည်ရှည်မျောမျောဖြင့် ဖွဲ့စည်းမှုရှိနေသည်။



ယခုအခါ ကြည့်မြင်တိုင်မြို့နယ် ဖားကရာဆိပ်သို့ နေ့စဉ်ဝင်လာနေသည်ကိုတွေ့ရသည်။ ပွဲစားကြီး ဦးလှဝင်းက "ဒီဇင်ဘာ ၂၀ ရက်လောက်ကတည်းက စဝင်လာတာပါ။ အခု ဝင်စအချိန်ဆိုတော့ တစ်နေ့ကို စက်တပ်သမ္ဗန်နဲ့ သုံးလေးစင်းပဲ ဝင်ပါသေးတယ်" ဟု ဆိုသည်။

သမ္ဗန်အကြီးအသေး အလုံးအကြီးအသေးပေါ် မူတည်၍ တစ်စင်းလျှင် အလုံး ၃၅၀၀ မှ ၄၀၀၀ နီးပါးခန့်ပါတတ်ကြောင်း ၎င်းကဆိုသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကဗ္ဗန်း၊ ချောင်းမကြီး၊ အဂါတ်တန်းတို့မှ နေ့ စဉ် ဝင်လျက်ရှိနေပြီး ယခုလကုန်ပိုင်းတွင် လှိုင်လှိုင်ဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဒိုင်ဈေးအားဖြင့် အလုံးအကြီးအသေးပေါ်မူတည်၍ အကြီးတစ်လုံးလျှင် ငွေကျပ် ၁၃၀ မှ ၁၄၀၊ အလတ်တစ်လုံးလျှင် ၆၅ ကျပ် မှ ၇၅ ကျပ်၊ အသေးတစ်လုံးလျှင် ငွေကျပ် ၂၀ မှ ၃၅ ကျပ်အထိ ဈေးရှိနေကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၅၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၈-၃၁	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၉၉	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၂၉၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၃၉၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၄၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းတင်ပြသည်။

ကလေးမြို့ သစ်သီးဈေးကွက် အရောင်းသွက်

ကလေး ဇန်နဝါရီ ၁၉

"ကလေးမြို့မှာက သစ်သီးရောင်းတဲ့ ဈေးတန်းဆိုလို့ ကလေးဝလမ်းမကြီးပေါ်မှာရှိတဲ့ သစ်သီးတန်းဆိုရင် လူတိုင်းသိပါတယ်။ အဲဒီသစ်သီးတန်းမှာ ကိုယ်လိုချင်တဲ့သစ်သီး အကုန်ရနိုင်တယ်။ တချို့သစ်သီးတွေက မန္တလေးဘက်ကလာတာရှိသလို၊ ချင်းတောင်ပေါ်ကလာတာလည်းရှိတယ်။ နောက်ပြီး ပျားလိမ္မော်၊ နဂါးမောက်သီး၊ သရက်သီး၊ ဆီးသီးတို့ကျတော့ ဒီကလေးဒေသကပဲ ထွက်ပါတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

မန္တလေးကဆိုရင် ပန်းသီးတွေလာတယ်၊ စပျစ်သီးတွေလာတယ်၊ ပျားသံပရာတွေလည်းလာတယ်။ ချင်းတောင်သီးနှင့် ကလေးသီးတွေက အရသာချင်းသိပ်မကွာပါဘူး။ နည်းနည်းလေး အချဉ်ဘက်ကိုပါပါတယ်။ မန္တလေးက အသီးတွေကျတော့ ဆေးသုံးတာများလို့လားမသိဘူး စားလို့တော့ပိုကောင်းပါတယ်။ မန္တလေးကနေပြီးတော့ သစ်သီးတွေကို ကားလေးတွေနဲ့ပို့ခိုင်းရပါတယ်။ သူတို့ကားလေးတွေက အရောက်ပို့ပေးတယ်လေ။ ပျက်စီးတာတို့ သစ်သီးတွေပုပ်တာတို့ဖြစ်ရင်လည်း သူတို့က တာဝန်ယူပေးပါတယ်။ ကားကြီးတွေထက်ကတော့ တန်ဆာခက ပိုပြီးတော့ပေးရတာပေါ့" ဟု ဈေးသည်တစ်ဦးက ရှင်းပြသည်။

ယခု ကလေးမြို့တွင် သစ်သီးဈေးပေါက်နေမှုမှာ စပျစ်သီးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ရှိသလို ငွေကျပ် ၃၀၀၀၊ ပျားလိမ္မော်တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ပျားသံပရာတစ်ပိဿာ ငွေကျပ်၄၀၀၀၊ ပန်းသီးတစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၄၅၀၊ သဘော်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀ ကြားမှ ၁၀၀၀ ကြားအထိရှိကြောင်း သိရသည်။

သျှင်နေမင်း

ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

သီပေါ ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင် နှစ်စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အထက(၁) မြညီလာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ကျောင်းဦးစီးနာယက ဆရာမကြီးဒေါ်ကြင်ရီက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာရည်ချွန်ဆုများကို တာဝန်ရှိသူများက တစ်ဦးချင်း ချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူလေးများက ရှမ်းရိုးရာယဉ်ကျေးမှုနှင့် ပဒေသာအကများ၊ ရွေးမူရွေးဟန်အတိုင်း အကောင်းဆုံး ပုဂံယဉ်ကျေးမှုအကများဖြင့် တင်ဆက်ကပြကြပြီး တင်ဆက်ကပြသော ကျောင်းသူလေးများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများချီးမြှင့်ကြသည်။ **(အောက်ပုံ)**

စိုင်း(သီပေါ)



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အီး၊ မြေကွက်အမှတ် V၃၈၊ ဧရိယာ ဝဒသမဝ၂၉၈ဧကရှိ နှစ် ၉၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၈၇ ဟုခေါ်တွင်သော အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိမြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ညွန့် ကွယ်လွန်သွားပြီးနောက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၅၁၉၀/၁၃အရ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်တင်တင်ဝေ ၉/မခန(နိုင်)၀၂၇၀၅၀နှင့် ဒေါ်ပိုက်၉/မခန(နိုင်)၀၆၇၅၀၇ တို့၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၃၃၁/၁၃ နှင့် ၂၅၁၀၈/၁၃ တို့ရရှိထားသူ ဦးသန်းဝင်း ၁၂/ပဘတ(နိုင်)၀၀၀၈၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း B.A, H.G.P, R.L, D.B.L, D.I.L, D.M.L, M.P.A, M.A (BL), PGDIT (New Delhi), D.Jap.(UFL)၊ **အထက်တန်းရှေ့နေ**

အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

စာအုပ်စာပေ လူ့မိတ်ဆွေ

Happy Birthday

မေမေ

(၂၀.၁.၂၀၁၄)ရက်နေ့တွင်ကျရောက်သော ချစ်သော မေမေ၏ မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင် မေမေ့ကို ချစ်သော ဖေဖေ နဲ့ အတူတစ်သက်လုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြတ်သန်းနိုင်ပါစေ..သားကိုအခုလို ထူးချွန် ထက်မြက်ပြီး လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ပေးခဲ့တဲ့အတွက် ကျေးဇူးပါမေမေရေ....

ချစ်တဲ့ တစ်ဦးတည်းသောသား
ဖိုးသား

Happy Birthday

" မာမေး "

သားတို့၊သမီး တို့ကို မိခင်ရင်းသဖွယ် ကျွေးမွေးပြုစုစောင့်ရှောက်ဆုံးမသွန်သင်ပေးခဲ့ပါသော ကျေးဇူးရှင် **မာမေး** ၏ (၂၀.၁.၂၀၁၄) နေ့တွင် ကျရောက်သော မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း တို့နှင့်ပြည့်စုံပြီး လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပြီး ပိုမိုအေးချမ်းပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်...

ချစ်သော တူ / တူမများ
သားသား+စုစု ၊ အောင်သက်ဦး+မီးမီး
ငြိမ်းချမ်း+ရည်မွန် ၊ မွေးမွေး
ဂျဲဂျဲ ၊ ကဲကဲ ၊ ကုကု ၊ သုသု

မဟာဗန္ဓုလပန်းခြံတွင် ပညာဒါနသရုပ်ပြကစားသော ရှင်ဂျီကွန်ဖူးအဖွဲ့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

တရုတ်ပြည်မကြီး၏ အဆင့်မြင့် ကိုယ်လုံပညာရပ်များဖြစ်သော ရှင်ဂျီကွန်ဖူးပညာရပ်ကို ရှင်ဂျီကွန်ဖူး သင်တန်းကျောင်းမှ ဆရာကြီးဦးမြတ်ရှင်နှင့် သင်တန်းနည်းပြ တစ်ဦးအပါအဝင် သင်တန်းသား စုစုပေါင်း ၁၆ ဦးတို့က ရန်ကုန်မြို့လယ်ကောင်၏ အများပြည်သူအပန်းဖြေရာ နေရာတစ်ခုဖြစ်သော မဟာဗန္ဓုလပန်းခြံတွင် ပညာဒါနသရုပ်ပြကစားနေသည်ကို ဇန်နဝါရီ ၁၉ ရက် နံနက် ၆ နာရီက တွေ့မြင်ခဲ့ရသည်။

(အပေါ်ပုံ)

လာရောက်

အဆိုပါ ရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှ ဝါရင့်ဆရာကြီးဦးမြတ်ရှင် အပါအဝင် လက်ရှိတက်ရောက်သင်ကြားနေကြသော သင်တန်းသားများမှာ နံနက်စောစော အားကစားလေ့ကျင့်ခန်းများ ပြုလုပ်နေကြသော အများပြည်သူများကို အားကစားစိတ်ဓာတ် မြင့်မားလာစေရန်နှင့် တက်ကြွစေရန်အတွက် ပညာဒါနအနေဖြင့် လာရောက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

ပြောပြ

"အခုလို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်တွေကလည်း အားကစားစိတ်ဓာတ် တက်ကြွပြီး ကျွန်တော်တို့ကိုအားကျတဲ့ စိတ်ရှိလာဖို့ ရည်ရွယ်ပါတယ်။ ဒီအစီအစဉ်က ပြီးခဲ့တဲ့အပတ် တနင်္ဂနွေနေ့က စတင်ခဲ့တာပါ။ နံနက် ၅ နာရီခွဲကနေ ၇ နာရီအထိကို တစ်ပတ်တစ်ကြိမ်နှုန်းနဲ့ သုံးပတ်ဆက်တိုက် ကစားပြသသွားမှာပါ။ နောက်အပတ် ဒီပန်းခြံနေရာမှာပြီးရင် ဗိုလ်တထောင်ကမ်းနားဘက်ကိုသွားမယ်။ ကမ်းနားကို မျက်နှာမူပြီး ဒီပုံစံအတိုင်း သုံးပတ်ဆက်တိုက်ကစားမှာပါ။ အဲဒီနေရာမှာပြီးရင် ကန်တော်ကြီးမျှော်စင်ကျွန်းကို ရွေးချယ်ထားပါတယ်။ အဲဒီမှာလည်း သုံးပတ်ပေါ့။ နောက်ပြီး ဒီပန်းခြံ ပြန်ရောက်လာမယ်လေ၊ အားကစားရာသီကို ဦးစားပေးအနေနဲ့ပြသရတာပါ။ ဒီလိုနေရာတွေမှာ ဝါသနာရှင်လေးတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ရှင်ဂျီပညာရပ်ကို စိတ်ဝင်စားတဲ့ ဘယ်သူမဆို ပေါ်လာခဲ့ရင်လည်း သင်တန်းလက်ခံပေးသွားမှာပါ" ဟု ရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှ ဝါရင့်ဆရာကြီးဦးမြတ်ရှင်က ပြောပြခဲ့သည်။

သင်ကြားပြသ

အဆိုပါ ရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှာ ၁၉၇၀ ခုနှစ်က စတင်ဖွင့်လှစ်တည်ထောင်ခဲ့ကြောင်း သိရပြီး လက်ရှိ ဗိုလ်တထောင်မြို့နယ်ရှိ ရှင်ဂျီကွန်ဖူး သင်တန်းကျောင်းတွင် ဉာဏ်ရည်မီသင်တန်းသား အသက်ခုနစ်နှစ်အရွယ်မှ ကိုးနှစ်အရွယ်များ သင်ကြားနေသလို အသက် ၅၀ နှင့် ၆၀ နှစ်အကြား သင်တန်းသားများလည်း တက်ရောက်သင်ကြားနေကြောင်းနှင့် နည်းပြချုပ်ခါးစည်း အနက်အဆင့်အထိ သင်ကြားပြသပေးလျက် ရှိကြောင်း သိရသည်။

စိုးဝင်း(Sp)

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် EXIM BANK ချေးငွေပေးအပ်ပွဲ ကောလင်း၌ကျင်းပ

ကောလင်း ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် EXIM BANK ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁နာရီက ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေးကော်မတီ အတွင်းရေးမှူး ဦးနေဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုစီ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌဦးသန်းထွန်း၊ အခြေခံသမဝါယမအသင်း ၅၉ သင်းမှ အခြေခံဥက္ကဋ္ဌ၊ အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုစီက ချေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ချေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေး ကော်မတီအတွင်းရေးမှူး ဦးနေဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ချိုစီတို့က အခြေခံအသင်း ၅၉ သင်းမှ အသင်းသား ၁၉၂၆ ဦးအတွက် ချေးငွေကျပ် ၁၈၂၉ ဒသမ ၇ သိန်းကို ထုတ်ချေးပေးသည်။ ထို့နောက် အခြေခံအသင်းများကိုယ်စား ဝါးရုံးခုံကျေးရွာအသင်းဥက္ကဋ္ဌဦးကျော်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ဝ၉၂)**

တရားဓမ္မသဘင်ပွဲ ကျင်းပမည်

ပျဉ်းမနား ဇန်နဝါရီ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ လယ်တီစံကျောင်းတိုက် တရားဟောဓမ္မရင်ပြင်ကြီး၌ နှစ်စဉ်ကျင်းပလျက်ရှိသော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ (D.Litt) လယ်တီဆရာတော်ဘုရားကြီး ပူဇော်ပွဲနှင့် ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအကျိုးဆောင် လူငယ်အသင်း(၆)နှစ်ပြည့် အထူးဓမ္မသဘင်ပွဲကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ၁၄ ရက်အထိ ၁၃ ရက်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ထေရဝါဒ ဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအကျိုး လူငယ်အသင်းမှလည်း နေပြည်တော်အနီးရှိ ရပ်ဝေး၊ ရပ်နီးမှ လာရောက်တရားတော်နာမည့် ဧည့်ပရိသတ်များအတွက် ကြို/ပို့မော်တော်ယာဉ်များ အထူးစီစဉ်ပေးထားကြောင်းနှင့် နှစ်စဉ်ပြုလုပ်ခဲ့သော တရားပွဲကြီးအား မြို့မိမြို့ဖ အလှူရှင်များနှင့် မြို့ခံပြည်သူ လူငယ်များက အထူးစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက္ကံ)

သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

တာချီလိတ် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၌ ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်အခြေစိုက် သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP) မှ အကြီးတန်း ဆက်ဆံရေးအရာရှိ Mr. David Dalton နှင့် လ/ထ စုံစမ်းရေးအရာရှိ ဦးအောင်မင်းသိန်းတို့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကျော်ဆန်းနှင့်အတူ ရန်ကုန်မှ တာချီလိတ်သို့ လေကြောင်းလိုင်းဖြင့် လိုက်ပါလာခဲ့ပြီး တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်းနှင့် တွေ့ဆုံ၍ ရဲတပ်ဖွဲ့နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ Mr. David Dalton နှင့် အဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၃၀)တာချီလိတ်သို့ ရောက်ရှိပြီး ရဲဗလအစည်းအဝေးခန်းမ၌ ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးသန်းရွှေနှင့် တွေ့ဆုံ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ် ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးသန်းရွှေက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအခြေအနေကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး Mr. David Dalton က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့သည့် မူးယစ်တပ်ဖွဲ့စု (၃၀) အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့၏ တံဆိပ်အသစ်ကို ဒုတိယရဲမှူးသန်းရွှေထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အခွန်ဘဏ္ဍာပြည့်ပါမှ လုပသာယာ တို့ပြည်မြန်မာ

ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

ပျောက်ဆုံးခြင်း

ကျွန်တော် ရဲမင်းအောင်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-ဧ၇၆၅၉၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၆၂၉၈၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မိုးမင်းဦး၏ နိုင်ငံကူးလက်မှတ် M-၀၄၈၇၄၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၂၃၆၆၄၉၃၅

မက်မွန်သီး(ခ)မှူးသံစဉ်ချို

မွေးနေ့မင်္ဂလာဆုပန်လွှာ

(၂၀-၁-၂၀၁၄)

သံစဉ်ချို သုံးနှစ်ပြည့်
မွေးနေ့၏ ရက်မင်္ဂလာ
ချမ်းမြေ့ကြည်စွာ
မိသားစုတို့ရင်မှာ
ကြင်နာသဒ္ဒါ ယှဉ်လာပေါင်း
မွေးနေ့မင်္ဂလာ ဆုခြွေတောင်း
သက်ရှည်ကျန်းမာပါစေကြောင်း
တတ်သိလိမ္မာပါစေကြောင်း
မေတ္တာစေတနာ ဆင့်ကာလောင်း။

ဖေဖေ့ ဖေ၊ ဖေဖေ့ မေ
ဖေဖေ၊ မေမေ၊ ပိုး၊ လ၊ နန်း၊ စန်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L၁၇/၆၀၊ မြေကွက်အမှတ် ၁၈၇၄+၁၈၇၅၊ မြေအကျယ်အဝန်း (၈၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ (၁)ဦးတင်မောင်ရှိန် H/RGN-၀၀၅၇၆၉၊ ၁၂/လမတ(နိုင်)၀၂၄၇၄၉၊ (၂)ဦးသန်းရှိန်(ခ)ဦးသန်းနိုင် H/RGN-၀၀၅၈၀၉၊ ၁၂/လမတ(နိုင်)၀၃၁၀၃၉ တို့အမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးခဲ့ပြီး ၄င်းတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်မျိုးဝင်း ၁၂/စခန(နိုင်)၀၀၇၉၄၇ မှ လွှဲအပ်သူများ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်တင့်(ခ)ဦးခင်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁)
အခန်းအမှတ် ၀၂/၁၂၊ ပထမထပ်၊အာရှပလာဇာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၃၉၃၀၆

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ
ဦးကျော်စန်ဝင်း[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]-
ဒေါ်ခင်မြသိန်း[လက်ထောက်အထွေထွေမန်နေဂျာ၊ (ငြိမ်း)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း]တို့၏သား

မောင်ဘုန်းသစ်

A.G.T.I(EP), Bachelor of Construction Project Management

နှင့်

သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ
ဦးကြည်လွင်-ဒေါ်ခင်နွဲ့ရီတို့၏သမီးကြီး

မစုမြတ်မွန်

B.A (ECO), Bachelor of Commerce (Professional Accounting)
(Macquarie University, Sydney)

တို့၏ ၁၈-၁-၂၀၁၄ရက်တွင် Sedona Hotel, Grand Ballroom ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ညွှန့်တင်(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်မျိုးဦး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးအုန်းမြင့်[လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)]နှင့် ဇနီး ဒေါ်သက်ဝါတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီကျူးပေးပါသော နိုင်ငံကျော်အဆိုတော် ဟေမာနေဝင်းနှင့် ဧည့်ခံဖျော်ဖြေပေးပါသော စန္ဒရား သိန်းမြင့်သန်းတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ်မခိုင်နွေလင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအရုလီနှင့် မမော်လီမိုး၊ မင်္ဂလာသတို့သားအရံ မောင်ကျော်ဇင်သန့်၊ မင်္ဂလာသတို့သမီးအရံ မစုဝေမွန်၊ မိတ်ကပ်ဆံပင်အလှ လင်းလင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာမေဦးမောင်(တော်ဝင်သူ)၊ ပန်းအလှပြင်ဆင်ပေးပါသော မလေးရှားသန်းမြင့်၊ ဓာတ်ပုံနှင့် မှတ်တမ်းဗီဒီယိုရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဘုန်းသစ်-မစုမြတ်မွန်

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၆)ဘဏ်မြောက်

သာကေတဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် တွင်

၂၀.၁.၂၀၁၄ (တနင်္လာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

သာကေတဘဏ်ခွဲ

အမှတ်(၁၆၅)၊ မြေညီထပ်၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်၊

သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၉၁၉၀၅၃၁/၃၂/၃၃/၃၄

ဖက်စ် – (၀၁) ၉၁၉၀၅၃၅/၃၆/၃၇

www.kbzbank.com

ကျောင်းသင်ခန်းစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒ

မင်္ဂလာပါ။

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ ဇီဝဗေဒဘာသာရပ် အထောက်အကူပြု လမ်းညွှန်ပေးသွားမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ အဓိကသဘောပေါက်နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါဝင်တဲ့ Chapter I to XII ရဲ့ အကြောင်းအရာအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး သိရှိရမယ့်အချက်များကို အခန်းလိုက်ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ကျေညက်အောင်သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့ (၁)ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံး၏ အခန်းတိုင်းမှာပါဝင်သော အကြောင်းအရာ၊ အချက်အလက်များကို ကျေညက်စွာနားလည်အောင် လေ့လာကျက်မှတ်ရန်၊ (၂)Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွဆိုလိုရင်း အဓိပ္ပာယ်များကိုပါသိရှိ ကျက်မှတ်ထားရန်နှင့် (၃)သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့ စာတွေဘယ်လောက်ရပြီလဲဆိုတာ ပြန်လည်ဆန်းစစ်၊ ခန့်မှန်းနိုင်ဖို့အတွက် မေးခွန်းဟောင်းများကို လေ့လာပြီး ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှသာ မေးခွန်းရဲ့သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်မေးတာမျိုးတွေရှိသလို၊ ဆက်စပ်တွေးတော ဖြေဆိုရမယ့် မေးခွန်းတွေပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာကို နားလည်မှာမဟုတ်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲ (ဇီဝဗေဒဘာသာရပ်) မေးခွန်းလွှာမှာ- True / False အတွက် ၂၀ မှတ်၊ Completion အတွက် ၂၀ မှတ်၊ (၂) မှတ်တန် Short Questions (2 Marks each) အတွက် ၁၂ မှတ်၊ (၄) မှတ်တန် Short Questions (4 Marks each) အတွက် ၁၆ မှတ်၊ (၈)မှတ်တန် Long Questions (8 Marks each) အတွက် ၃၂ မှတ်ဆိုပြီး စုစုပေါင်း ၁၀၀ မှတ် သတ်မှတ်ထားပါသည်။

မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ No. 3 မှာကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် ပုဒ်ခွဲ d, e, f တို့မှာ (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 နဲ့ 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေ ပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိပါတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများအဖို့တော့ အမှတ်ပြည့်ထက်ပိုတဲ့ ရွေးစရာတွေ ရှိပါတယ်။ Chapter ရွေးပြီး ကျက်တဲ့သူများအဖို့တော့ True / False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာနဲ့တိုးမှသာ ဖြေနိုင်မှာဖြစ်ပါတယ်။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို နားလည်သဘောပေါက်အောင် ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter (၁၂ ခု) လုံးကို စေ့စပ်စွာခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter (၁၂ ခု) မှာ မိမိအတွက်လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (၁၂ ခု)မှ အကြောင်းအရာများကို ဘယ်လိုခွဲဝေပြီး မေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် True / False Statements များကို Chapter (၁၂ ခု) လုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှ အပ ကျန် Chapter များမှ Statements (၂) ခုစီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (၈ ခု) မှ Statements (၂ ခု)စီ (2 × 8 = 16), Chapter (၄ ခု) မှ Statement (၁ ခု)စီ (1 × 4 = 4)၊ စုစုပေါင်း (20 marks) အနေနဲ့ Chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာကို တွေ့ကြပါလိမ့် မယ်။

Question No. 1 ရဲ့ TRUE/ FALSE နဲ့ပတ်သက်လို့ ဆင့်ပွားမေးခွန်းငယ် ၂၀ ကို **Chapter** အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။ **Chapter I** မှ မေးခွန်းငယ် **i, ii, (2 statements), Chapter II** မှ မေးခွန်းငယ် **iii, iv (2 statements), Chapter III** မှ မေးခွန်းငယ် **v (1 statement), Chapter IV** မှ မေးခွန်းငယ် **vi, vii(2 statements), Chapter V** မှ မေးခွန်းငယ် **viii, ix (2 statements), Chapter VI** မှ မေးခွန်းငယ် **x, xi (2 statements), Chapter VII** မှ မေးခွန်းငယ် **xii (1 statement), Chapter VIII** မှ မေးခွန်းငယ် **xiii, xiv(2 statements), Chapter IX**မှ မေးခွန်းငယ် **xv, xvi (2 statements), Chapter X**မှ မေးခွန်းငယ် **xvii (1 statement), Chapter XI**မှ မေးခွန်းငယ် **xviii, xix (2 statements)** နဲ့ **Chapter XII** မှ မေးခွန်းငယ် **xx (1 statement)** တို့ဖြစ်တယ်။

မေးခွန်းနံပါတ် (1) True / False Statements များကို ဖြေဆိုဖို့ အတွက်ကတော့ ပေးထားသော Statement များကို သေချာစွာဖတ်ရပါမယ်။ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို၊ ကိုယ်ပိုင်ဝါကျတည်ဆောက်ပြီး မေးထားတဲ့ Statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True / False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True / False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးပြီး မေးထားပါတယ်။ ဥပမာ-Plants which live for two years are biennials လို့ မေးတဲ့အခါ two growing seasons ကို two years နဲ့ ပြောင်းလိုက်တဲ့အခါ ကျောင်းသား/သူ အတော်များများ မှားကြပါတယ်။ သိထားရမှာက Biology မေးခွန်းတွေဟာ နားလည်မှုကို အခြေခံပြီး စစ်ဆေးတဲ့ Conceptual မေးခွန်းတွေ ဖြစ်တယ်ဆိုတာပါပဲ။ ဥပမာ Rabbits live in group and are frequently breeding two times a year ဆိုတဲ့ ဝါကျမှာ သုံးပိုင်း ပါပါတယ်။ Statement မှာ ပါတဲ့ ၃ ပိုင်းကတော့ (Rabbits live in group အပိုင်း frequently breeding အပိုင်းနဲ့ two times a year ဆိုတဲ့အပိုင်းမှာ တစ်ပိုင်းပိုင်းကို False ဖြစ်သွားအောင် လုပ်တတ်ပါတယ်။ four times နေရာမှာ two times နဲ့လွဲလိုက်တာပါပဲ။ အဲဒီလိုအမှားမျိုးတွေ မရှိအောင် statement ရဲ့ sentence တွေကို သေသေချာချာဖတ်ပါလို့ အကြံပြုလိုပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ နောက်ထပ်မှာကြားလိုတာကတော့ မဖြေနိုင်လို့ Statement များအားလုံးကို False (သို့မဟုတ်) True လို့ အားလုံးရေးသားဖြေဆိုခဲ့ရင်တော့ မိမိရရှိမယ့် အမှတ်များရရှိနိုင်မှာ မဟုတ်ပါဘူး။ အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။

Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမဲ (Bold) နဲ့ ဖော်ပြထားတဲ့ စကားလုံးတွေကို သေသေချာချာ လေ့လာရမယ့်အပြင် အခြေခံသိရှိနားလည်ရမယ့် အကြောင်းအရာများကိုလည်း သိရှိရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (2) Completion အမျိုးအစားကလည်း နားလည်သဘောပေါက်မှုကို အခြေခံတဲ့ Conceptual မေးခွန်းဖြစ်ပါတယ်။ နံပါတ်တစ်မေးခွန်းလို statement တွေကို ဝါကျတည်ဆောက်တဲ့အခါ ကွက်လပ်ဖြည့်တွေချန်ပြီး ဖော်ပြထားတာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့က နားလည်မှုအပြင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့် စကားလုံးကို စာလုံးပေါင်းကို မှန်မှန်ကန်ကန်ဖြည့်ရပါမယ်။ သိပ္ပံအမည်တွေကို ဖြည့်ရမယ်ဆိုရင်တော့ underline ပါတားပေးမှ အမှတ်ပြည့်ရပါလိမ့်မယ်။

Word form ဖြစ်တဲ့ (noun, verb နဲ့ adjective) ကိုလည်း ဂရုစိုက်ထည့်ပေးပါ။ ဥပမာ Insects pollinate flowers are ———————— flowers. ဆိုရင်တော့ အဲဒီအဖြေက (entomophilous) ဖြစ်ပါတယ်။ အလားတူပဲ Pollination brought about by insect is ————————. ဆိုရင်တော့ အဲဒီအဖြေက (entomophily) ဖြစ်ပါတယ်။ အဲဒီလိုပဲ Entomophilous flowers are pollinated by ————————. ဆိုရင်တော့ အဖြေက (insects) ဖြစ်ပါတယ်။

True / False နဲ့ Completion အမျိုးအစားမှာပါတဲ့ Statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်ပါတယ်။ အခန်း (၃) ခန်းလောက် လွှတ်ပြီးကျက်လိုက်တာနဲ့ True/False ရွေးချယ်မှုနဲ့ Completion မေးခွန်းတွေအတွက် (၁၀) မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

No. 3 Answer All Questions (12) Marks လို့ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ a, b, c, d, e, f ရယ်လို့ ပုဒ်ခွဲငယ်(၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ် အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ No. 3 မှာ ANSWER ALL QUESTIONS ဆိုပြီး a to f (၆)ပုဒ် မေးထားတယ် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ Chapter အလိုက် မေးခွန်း ခွဲဝေမှုကတော့ a. ကို Chapter I to IV မှ (1) ပုဒ်၊ b. ကို Chapter V မှ (1) ပုဒ်၊ c. ကို Chapter VI မှ (1) ပုဒ်၊ d. ကို Chapter VII မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ (1) ပုဒ်၊ e. ကို Chapter IX မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ (1) ပုဒ်၊ f. ကို Chapter XI မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (1) ပုဒ် တို့ဖြစ်တယ်။

ဒီ ၂ မှတ်တန်မေးခွန်းတို short question မေးတဲ့အခါ တိုက်ရိုက်သူ့ခေါင်းစဉ်နဲ့အတူ စာအုပ်ထဲကလည်း ထုတ်နုတ်ပြီး ဖြေခိုင်းတဲ့ မေးခွန်းမျိုးလည်းရှိတယ်။ ဥပမာ- Describe the ventricles in the brain of rabbit ဆိုရင် ventricles ဆိုတဲ့ခေါင်းစဉ်ပါတဲ့ စာကိုဖြေရမယ်။ ဒီလိုပဲ Describe briefly about peristalsis နဲ့ State the purpose of water acting as solvent တွေဟာ တိုက်ရိုက်မေးထားတာဖြစ်တယ်။ ဒါပေမယ့် Briefly state how the food is gathered in Paramecium လို့မေးခဲ့ရင်တော့ Feeding method in protozoan ခေါင်းစဉ်အောက်က စာထဲကနေထုတ်နုတ်ပြီး ဖြေရပါမယ်။ ဖြေရမယ့်အပိုင်းကတော့ Two bands of penniculus, fused cilia gather the food at the posterior end of the cytopharynx in a vacuole of water လို့ထုတ်နုတ်ပြီးဖြေရမယ်။ State how the food vacuole is formed in Paramecium ဆိုရင်လည်း အထက်ပါအဖြေအတိုင်းပဲ ဖြစ်တယ်။ ဒါကြောင့်မို့ အဖြေတစ်ခုတည်းရဲ့ မေးခွန်းတွေဟာ မေးခွန်းထုတ်တဲ့သူအပေါ်မူတည်ပြီး ကွဲသွားနိုင်ပါတယ်။ ဒါပေမယ့် အဓိပ္ပာယ်ကတော့ အတူတူပဲဖြစ်ပါတယ်။ အရေးကြီးတာကတော့ မဆိုင်တဲ့အဖြေကို မရေးမိဖို့ အဓိကပဲဖြစ်ပါတယ်။ အဲဒီလို မဖြစ်အောင် မေးခွန်းဟောင်းတွေကို လေ့လာစေချင်တယ်။

Question No. 4 (4) marks each မေးခွန်းကို Answer ANY FOUR QUESTIONS အနေနဲ့ a to e အထိ(၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ a. ကို Chapter I-IVမှ (၁) ပုဒ်၊ b. ကို Chapter V မှ (၁) ပုဒ်၊ c. ကို Chapter VI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VII မှ (၁) ပုဒ်၊ d. ကို Chapter VIII မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter IX မှ (၁) ပုဒ်၊ e. ကို Chapter X မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (၁) ပုဒ် တို့ဖြစ်တယ်။

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှုမပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှု ပေးထားပါတယ်။

Question No. 5 Long Question (8 marks each) ပေးထားတဲ့ အမျိုးအစားမှာ Answer ANY FOUR QUESTIONS ကိုဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတယ်။ Chapter VII နဲ့ သူ့ရဲ့ နောက်ပိုင်းအခန်းတွေရဲ့ မေးခွန်းတွေမှာ OR ခံထားတော့ ရွေးချယ်ပိုင်ခွင့်တွေ တော်တော်များများရှိပါတယ်။ မေးခွန်းမှာ Biology Text Book ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ a. ကို Chapter I-IV မှ (၁) ပုဒ်၊ b. ကို Chapter V မှ (၁) ပုဒ်၊ c. ကို Chapter VI မှ (၁) ပုဒ်၊ d.ကို Chapter VIIမှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ (၁) ပုဒ်၊ e. ကို Chapter IX မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ (၁) ပုဒ်၊ f. ကို Chapter XI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (၁) ပုဒ်မေးလေ့ရှိပါတယ်။ သို့သော် ဆက်စပ်မှုရှိသော အကြောင်းအရာများအတွက် သင်ကြားသော သင်ခန်းစာကို ဆက်စပ်၍ နားလည်စွမ်း ရှိ၊ မရှိကိုလည်း မေးလေ့ရှိကြောင်း မေးခွန်းဟောင်းများတွင် လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် သင်ရိုးကုန်ကျက်မှတ်ထားသော ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ကြားသော အကြောင်းအရာများကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်မည်ဖြစ်ပြီး မေးခွန်းများကိုလည်း ဆက်စပ်တွေးခေါ်ပြီး ဖြေဆိုနိုင်ကြမည်ဖြစ်ပါသည်။

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းပိုများတာ တွေ့ရပါလိမ့်မယ်။ အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်။

အချပ်ပို (၁၆)သို့

ကျောင်းသင်ခန်းစာနှင့်ကြော်ငြာ

စာမျက်နှာ (၁၅) မှ

မေးခွန်းနံပါတ် **1. True/False** နှင့် မေးခွန်းနံပါတ် **2. Completion** မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် အမှတ် (**i.** မှ **x.**) ကို အပေါ်မှအောက်သို့ လည်းကောင်း၊ ဆင့်ပွားမေးခွန်းငယ် **xi.** ကို **i.** ၏ ဘေးစာမျက်နှာအလယ်မှရေးပြီး အောက်သို့ဆက်တိုက် **xx.** ထိ အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။ ဒီလို ရေးခြင်းအားဖြင့် နံပါတ်များတပ်ခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။

ဒီလိုရေးချပြီးမှ Statement များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေဖြင့် သေချာသောအဖြေများကို သက်ဆိုင်ရာ နံပါတ်ရဲ့ဘေးမှာ ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကိုချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

Question No 3, 4 နှင့် 5 များမှာ (a, b, c, d, e, f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများဖြေဆိုတဲ့အခါ (a, b, c, d, e, f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကို အရင်ဆုံးစဖြေပါ။ အဖြေနံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန် လိုပါတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ အဲဒီလိုပဲ (a)ဖြေထား ပြီးရင်လည်း (c) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့ မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေး မမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State / Define / Explain / Describe / Clarify / Name / List / Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီးမေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့ မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့ မေးလေ့ရှိပြီး Provide labels to the given diagram and state လို့ မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့်အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labelled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာကြားလိုတာကတော့ မတွေဝေပါနဲ့၊ မလျှမ်းပါနဲ့၊ စာမရလွန်းတဲ့ ကလေးတွေက မှားဖြေတတ်သလို စာရလွန်းတဲ့ကလေးတွေကလည်း လျှမ်းတတ်တယ်။ ဥပမာ Epigyny, Perigyny, Hypogyny နှင့် Hypogeal နဲ့ Epigeal germination မှားတတ်သလို Aerobic နဲ့ Anaerobic Respiration, Lymphocyte နဲ့ Monocyte, Abscissin နဲ့ Ethylene စသည်တို့ ရောထွေးသွားတတ်တယ်။ သိပ္ပံအမည်များကို Grade 11 Biology စာအုပ်ထဲမှာ Itallic လို့ခေါ်တဲ့ (စာလုံးစောင်း) နဲ့ ရေးပေးထားတယ်။ အဲဒီစာလုံးတွေကို ဖြေတဲ့အခါ Underline လုပ်ပေးဖို့ လိုပါတယ်။ ဥပမာ ယုန်ရဲ့ သိပ္ပံအမည်ဖြစ်တဲ့ Lepus cuniculs ဖြေမယ်ဆိုရင်တော့ Underline လုပ်ပေးရပါမယ်။

စာမေးပွဲခန်းအတွင်းမှာ ကျောင်းသားများ ခုံနံပါတ်ကို (မြို့နယ်သင်္ကေတ အပါအဝင်) မှန်ကန်စွာနှင့် ပီပီပြင်ပြင် ရေးသားရန်လိုအပ်ပါသည်။ ကျောင်းသားအချို့သည် မေးခွန်းနံပါတ်များကို မှန်ကန်စွာတပ်ခြင်း မရှိသည့်အပြင် အချို့အဖြေလွှာများတွင် ၎င်းတို့ဖြေဆိုသော အဖြေ၏ နံပါတ်များရေးသားထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

စာဖြေရာတွင် တတ်နိုင်သမျှ မင်ကိုတစ်ရောင်တည်း၊ ဘောပင်အမျိုးအစား တစ်မျိုးတည်းသာ သုံးသင့်ပါသည်။ အခုဆွေးနွေးထားတာတွေကို လိုက်နာပြီး ကျက်မှတ်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များများရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာ သိကောင်းစရာဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ခြံစည်းရိုးကာ ဝါးဝင်းထရံများ လူကြိုက်များအရောင်းသွက်

မလှိုင် ဇန်နဝါရီ ၁၉

မလှိုင်ဒေသတွင် လူနေအိမ် ခြံစည်းရိုးအကာအဖြစ် အသုံးများနေသော ဝါးဝင်းထရံ (ဝါးကပ်)များ လူကြိုက်များပြီး အရောင်းသွက်နေကြောင်း သိရသည်။

မလှိုင်မြို့နယ်ရှိ ကျေးရွာအနှံ့ အပြားတွင် လူနေအိမ်ခြံစည်းရိုးများကို လုံခြုံမှုရှိစေရန်နှင့် တစ်ဦးနှင့် တစ်ဦးပိုင်ဆိုင်မှုကို သိသာနိုင်စေရန် အုတ်တံတိုင်း ကာရံခြင်း၊ အသား ဝင်းထရံများ ကာရံခြင်း၊ ဝါးဝင်းထရံ (ဝါးကပ်) ကာရံခြင်းများကို အိမ်တိုင်း လိုလိုပြုလုပ်ကြသည်။ ငွေကြေးတတ်နိုင်သူများက အုတ်တံတိုင်း ကာရံသော်လည်း အများစုမှာ ဝါးထရံ (ဝါးကပ်)များကို လူကြိုက်များပြီး အသုံးများသဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

"အလျား ၁၀ တောင်၊ အနံ သုံးတောင်တစ်မိုက်ရှိ ဝါးကပ်တစ်ချပ်ကို တင်းဝါးနှင့်ရက်လျှင် ရက်ခ ငွေကျပ် ၆၀၀ ပေးရပြီး ရောင်းလျှင်ဝါးကပ် (ဝင်း ထရံ) တစ်ချပ်ကို ငွေကျပ်၅၀၀၀ ရပါတယ်။ မြင်းခြံကလာတဲ့ ရေစိမ်ဝါးနှင့်ရက်လျှင် ရက်ခ ငွေကျပ် ၇၀၀ ပေးရပြီး ရောင်းလျှင် ရေစိမ်ဝါး၊ ဝါးကပ် (ဝင်းထရံ) တစ်ချပ်ကိုငွေကျပ် ၆၀၀၀ ရောင်းရပါတယ်။ ဒါက အနိမ့်ခေါ်တာပေါ့။ အလျား ၁၀ တောင်၊ အနံလေးတောင်ရှိ ဝါးကပ် (ဝင်း ထရံ) တစ်ချပ်ကို အမြင့်ခေါ်ပါတယ်။ ရက်ခက တစ်ချပ်ကို ငွေကျပ် ၁၀၀၀ ပေးရပြီး ရောင်းလျှင် ငွေကျပ် ၈၀၀၀ ရောင်းရပါတယ်။ လိုအပ်တဲ့ ဝါးကိုတော့ မြင်းခြံ၊ တောင်ငူ၊ ရေတာရှည်တို့ဘက်က မှာယူရပါတယ်၊ အညာဒေသက မိုးနည်းပါးတော့ ဝါးကပ်(ဝင်းထရံ) ကို အသုံးများကြပါတယ်၊ ရောင်းအားလည်း ကောင်းကြပါတယ်" ဟု မလှိုင်မြို့ အလင်းရောင် ဝါးနှင့်ဝါးကပ် အရောင်းဆိုင်က ပြောပြသည်။

အောင်ဌေး(မလှိုင်)

ကျန်းမာရေးအရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်

မိုးမောက် ဇန်နဝါရီ ၁၉

ကချင်ပြည်နယ် မိုးမောက်မြို့ ကျန်းမာရေးအရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးကု ဦးစီးဌာန ဒုတိယ ကျန်းမာရေးမှူး ဒေါ်မြမြစိုးက ကျန်းမာရေးအတွက် အသုံးပြုရန် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဗန်းမော်ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ခင်ညိုဝင်းက တိုင်းရင်းဆေး အသုံးဝင်ပုံနှင့် အသုံးပြုနည်း အကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မိုးမောက်မြို့နယ် အတွင်းရှိ ကျေးရွာ ၃၇ ရွာအတွက် တစ်ရွာလျှင် တစ်လုံးကျဖြင့် ပေးအပ်ရာ ကျေးရွာများမှ တက်ရောက်လာသူများက လက်ခံယူကြသည်။

ဆီမီးခုံ -နန်းရီ

ဖျာပုံမြို့ ရှမ်းကွင်းကြီးကျေးရွာ၌ ဘဝတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၁၉

ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်း ကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ ဘဝတန်ဆောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဝတန်ဆောင်စာကြည့်တိုက်အဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ ဝေါလ်ဗွီးရှင်းမြန်မာမှ နယ်မြေတာဝန်ခံတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ စာအုပ် စာစောင်များ လှူဒါန်းပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဗိုလ်က စာကြည့်တိုက်ပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က စာအုပ် စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

အကုန်အကျခံ

အဆိုပါအဆောက်အအုံသည် ယခင်က သစ်ခင်း၊ သစ်ကာ၊ သွပ်မိုးထားသော တစ်ထပ်အဆောက်အအုံဖြစ်ပြီး ယင်းအဆောက်အအုံကို ဖျက်သိမ်း၍ အုတ်ကာ၊ သမံတလင်းခင်း၊ သွပ်မိုးပြီး အလျား ၂၂ ပေ၊ အနံ ၁၆ ပေ ကျယ်ဝန်း၍ အသစ်ထပ်မံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဝေါလ်ဗွီးရှင်းမြန်မာမှ ငွေကျပ် ၁၆ သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် ၃၆ သိန်းအကုန်အကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်တွင် တည်ရှိသည့် မြေကွက်အမှတ် ၆၇၄၊ မြေကွက်အကျယ်အဝန်း ပေ ၄၀×ပေ၆၀ရှိ ဦးမင်းလွင်အမည်ပေါက်သောမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးနိုင်လင်းဦး ၁၄/ကလန (နိုင်)၁၆၁၈၉၅ထံမှ ကျွန်မဒေါ်မြသင်းနိုင် ၁၄/ဒဒရ(နိုင်)၀၀၀၀၂၇က ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြသင်းနိုင်
အမှတ် ၆၅၅၊ ကရဝိတ်လမ်း၊ (၁၀၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၂၃၃၈၇၈

ပျောက်ဆုံးကြောင်း

S.T.L Company Ltd. ၏ သွင်းကုန်လိုင်စင်နှင့်အကောက်ခွန် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၅၀၅၄၄၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၉၇ ဟုခေါ်တွင် အိမ်ခြံမြေကို တရားဝင်ဝယ်ယူ၍လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်သိန်းမြင့် ၁၃/ကလန(နိုင်) ၀၀၉၉၄၁ထံမှ ဒေါ်ဥမ္မာလွင် ၁၂/လမန(နိုင်)၁၀၀၉၁၃ က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်၅၊ အခန်း၀၀၈၊ အေးရိပ်မွန်၉လမ်း၊
(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ စီမံကိန်း (၂)၊ အမှတ် ၁၃၉ဟုခေါ်တွင်သော RC သုံးထပ်ခွဲတိုက်၏ နှစ်ခန်းတွဲ (မြေညီထပ်) ခေါင်းရင်းဘက်ခြမ်းအခန်းဖြစ်သည့် မျက်နှာစာအနံ ပေ ၄၀၊ ရှေ့နောက်အလျားပေ ၅၀ ဧရိယာအကျယ်ပမာဏရှိသော တိုက်ခန်းနှင့်ထိုတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်သည့် မြေပိုင်ရှင် ဦးလှမြင့် ၁၂/ဥကတ (နိုင်)၁၀၇၄၇၃နှင့် ကန်ထရိုက်တာ ဦးသန့်ဇင် ၁၂/ဥကတ(နိုင်)၀၉၈၆၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (ကြိုပို့င့်)စနစ်ဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းအောင် LL.B (တရားလွှတ်တော်ရှေ့နေ)(စဉ်-၉၀၅၁)
အမှတ် (၁၃)၊ ဉာဏလမ်း၊ ဧကရာဇ်ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/စက်မှုဇုန်၊ မြေကွက်အမှတ် ၄၃၆၊ မြေကွက်တည်နေရာအမှတ် ၄၃၆၊ (၂၃)ရပ်ကွက်၊ ပုသိမ်လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမြင့်ဆွေ G/RGN ၀၀၆၃၄၂ (လူပျိုကြီး) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေ (ကွယ်လွန်)၊ မိခင်၊ ဖခင်များကွယ်လွန်၍ ဦးမြင့်စိုး ၁၂/ဗတထ(နိုင်)၀၂၃၃၈၃မှ ညီအစ်ကိုအရင်းဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ မြေကွက်အမှတ် ၂၉၃၊ မြေကွက်တည်နေရာအမှတ် ၂၉၃၊ သုဿီတာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် မအဘေဒါဘာနူး အန်/အိုကေအေ ၀၀၁၈၀၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်အဘေဒါဘာနူး၊ ဖခင် ဦးမောင်စိန် ကွယ်လွန်သဖြင့် ဦးမောင်မောင်သန်း ၁၂/ဥကမ (နိုင်)၀၀၇၈၅၉ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၀၈၈/၂၅-၉-၂၀၁၃ဖြင့်ရရှိသူ ဦးကျော်မင်း ၁၂/လသန (နိုင်)၀၀၅၃၃၇ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ် (၅၁) ငါးလွှာ၊ အခန်းအမှတ် (၉)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းမြင့်အေး ၁၂/စခန(နိုင်)၀၂၀၄၆၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာမမ (စဉ်-၇၂၂၆) တရားလွှတ်တော်ရှေ့နေ
ဒေါ်အိအိမိုး (စဉ်-၂၉၂၉၂) အထက်တန်းရှေ့နေ
၄၄၊ ပထမထပ်၊ အခန်း (၁၀)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၁၅၇၃

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁ တိုးချဲ့၊ မြေကွက်အမှတ် ၁၃၄၊ မြေကွက်တည်နေရာအမှတ် ၁၃၄၊ မြို့သစ် ၃လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးဘသောင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘသောင်း ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်နွယ် ၁၂/လမတ(နိုင်)၀၀၄၄၄၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၃၃၊ မြေကွက် တည်နေရာအမှတ် ၉၃၃၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးထွန်းအောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းအောင်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဝေယံထက် ၁၂/ဒဂရ(နိုင်)၀၀၈၃၄၂၊ ဒေါ်ကြည်စင် သော် ၁၂/ကတန (နိုင်)၁၀၂၇၈၉ နှင့် ဒေါ်ကြည်လင်သော်တို့မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ပန်းတောင်းမြို့နယ် စည်သာရပ်ကွက်နှင့် ဖောင်းကံရပ်ကွက်တို့မှာ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျလျက်ရှိပါသည်။ ရေစီးရေလာကောင်းပြီး လူနေအိမ်ခြေများ မထိခိုက်စေရန်အတွက် သဲသောင်များကို သောင်တူးစက်ဖြင့် ဖယ်ရှားပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စည်သာရပ်ကွက်နှင့် ဖောင်းကံရပ်ကွက်တို့အား ဧရာဝတီမြစ်ရေတိုက်စားမှုမှကာကွယ်ရေးအတွက် ယခုနှစ် မတ်လအတွင်းမှာ ကွင်းဆင်းတိုင်းတာမှု ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်သင့်သော အစီအမံများကို ပဲခူးတိုင်းဒေသကြီးအစိုးရထံ တင်ပြခဲ့ပါသည်။ ပန်းတောင်းမြို့ ရှေ့ရှိ ရေလယ်သောင် အနောက်ဘက်ခြမ်းအား သောင်ဖြတ်တူးရန်နှင့် ပန်းတောင်းမြို့ဘက်မှာ ရေလွှဲရေကာများ ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးခေါင်းစဉ်မှ ရန်ပုံငွေတောင်းခံထားပါကြောင်း၊ ရန်ပုံငွေရရှိပါက ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းရုံးမှ နည်းပညာပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဧရာဝတီမြစ်ကမ်းပါးနှင့် နီးကပ်စွာကမ်းပြိုလျက်ရှိသော ဒီးဒုတ်ချောင်းတံတားထိန်းသိမ်းကာကွယ်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ဧရာဝတီမြစ်ကမ်းနံဘေးနှင့် နီးကပ်လျက်ရှိသော ဒီးဒုတ်ချောင်းတံတားအနီး ကမ်းထိန်းကာကွယ်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တောင်းခံထားသော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **လက်ပံတန်း-သာရဝေါလမ်းပိုင်းရှိ တံတားများသည် ၁၉၀၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော တံတားများဖြစ်၍ နှစ် ၁၀၀ ကျော်ပြီဖြစ်ရာ တံတားများအန္တရာယ် ရှိ/မရှိ၊ ကြံ့ခိုင်မှု ရှိ/မရှိ စစ်ဆေးပြုပြင်ခြင်းဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** မြန်မာ့မီးရထားသည် တစ်နိုင်ငံလုံးရှိတံတားများကို တံတားအထူးအဖွဲ့မှ နှစ်စဉ်လိုက်လံစစ်ဆေး၍ လိုအပ်သည်များကို ပြုပြင်ပေးနေပါသည်။ ယခုနှစ်တွင်လည်း လက်ပံတန်း-သာရဝေါလမ်းပိုင်းရှိ တံတားများကို စစ်ဆေးပြုပြင်ပေးထားပြီးဖြစ်ပြီး လိုအပ်ပါက ထပ်မံစစ်ဆေးပေးမည်ဖြစ်ပါသည်။ လက်ပံတန်း-သာရဝေါလမ်းပိုင်းရှိ တံတားများ၏ ဒီဇိုင်းပုံမှာ ရထားသွားလာရေးအတွက်သာလျှင် ရည်ရွယ်၍ ဆောင်ရွက်ထားသော တံတားများဖြစ်ပါသည်။ လက်ပံတန်း-သာရဝေါလမ်းပိုင်းတွင် တံတားကြီး ၁၀ စင်းအနက် လူရှောင်ရန် တံတားတစ်စင်း ပြုလုပ်ထားပြီး ကျန်တံတား ကိုးစင်းကိုလည်း လူရှောင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားပါမည်။

၂။ **မိုးညိုမြို့နယ် လိုင်စင်မဲ့မော်တော်ယာဉ်များကို လိုင်စင်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ၁၉၉၉၊ ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ များတွင် One Stop Service ဖြင့် နိုင်ငံတော်မှ လိုင်စင်များ ဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ပေါင်းတည်မြို့နယ်ရှိ အော်တိုတယ်လီဖုန်းစခန်းတွင် လေအေးပေးစက်များ မကောင်းခြင်း၊ အော်တိုကတ်များပျက်စီးနေခြင်း၊ စက်ခန်းအတွင်း ညစ်ပတ်ရှုပ်ပွနေခြင်း၊ မိုဘိုင်းဆက်သွယ်ရေးကို 2G စနစ်ဖြင့်သာ ဆောင်ရွက်နေခြင်းကြောင့် အင်တာနက်မြန်နှုန်း နှေးကွေးခြင်းနှင့် မိုဘိုင်းဖုန်းလိုင်းများ မကောင်းခြင်းအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လေအေးပေးစက်ကို (၂၂-၁၀-၂၀၁၃) ရက်နေ့တွင် တပ်ဆင်ပြီးဖြစ်ပါသည်။ စက်ခန်းသန့်ရှင်းရေးနှင့် ကတ်များအစားထိုး လဲလှယ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပေါင်းတည်မြို့တွင် GSM / CDMA-800 MHz/ CDMA-450 MHz မိုဘိုင်းစနစ် သုံးမျိုးကို တပ်ဆင်ပေးထားပါသည်။ စက်မှုပိုင်းဆိုင်ရာ စစ်ဆေးချက်များအရ ပေါင်းတည်မြို့၏ မိုဘိုင်းဖုန်းသုံးစွဲမှုသည် လိုင်းကျပ်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ယခုထက် ပိုမိုကောင်းမွန်အောင် စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ကျောက်တံခါးမြို့နယ်အတွင်း နေရာဒေသမရွေး ဆက်သွယ်နိုင်ရေးအတွက် ထပ်မံ၍တာဝါတိုင်တပ်ဆင်ပေးပါရန် သတ်မှတ်ထားသော ဖဒိုကျေးရွာ၊ အနန်းဘောကျေးရွာ၊ ကင်းမွန်အင်းကျေးရွာဒေသများတွင် တာဝါတိုင်များ တပ်ဆင်ပေးရန်နှင့် ကျောက်တံခါးမြို့နယ်အား တန်ဖိုးနည်းမိုဘိုင်းဖုန်းကတ်ခွဲတမ်းပိုမိုချထားပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ဖဒိုကျေးရွာတွင် GSM တာဝါတိုင်တစ်ခု တပ်ဆင်ပေးရန် ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရန်လျာထားသည့် စခန်းများတွင် ထည့်သွင်းထားပြီးဖြစ်ပါသည်။ ယခုအခါ တာဝါတိုင် တင်ဒါများခေါ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကျန်ကျေးရွာများဖြစ်သော အနန်းဘောကျေးရွာနှင့် ကင်မွန်းအင်းကျေးရွာတွင် GSM စခန်းများ တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ နောင်လာမည့် စီမံကိန်းများတွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောက်တံခါးမြို့နယ်အတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းကတ်ခွဲတမ်း ပိုမိုချထားပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းမကြီးကို လမ်းတစ်ဖက် သုံးပေစီ တိုးချဲ့ဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ်(၂၀/၁)သို့ ရောက်ရှိဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်လမ်းပိုင်း မိုင် (၂၀/၁)မှ(၂၃/၀)ထိ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းမကြီးကို လမ်းတစ်ဖက် သုံးပေစီ တိုးချဲ့ဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ် (၂၀/၁)သို့ ရောက်ရှိဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသော မိုင် (၂၀/၁) မှ (၂၁/၁) ထိ ၈ ဖာလုံအား (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ မိုင် (၂၁/၁) မှ (၂၃/၁) အထိ အပိုင်းအား (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း ရန်ပုံငွေတင်ပြတောင်းခံ၍ နှစ်နှစ်အတွင်း လမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၂။ **ရန်ကုန်-မန္တလေးကားလမ်း (၉၈/၀)-(၁၀၈-၀) ကြား နိုင်လွန်ကတ္တရာလမ်းများ လှိုင်းများဖြစ်ပေါ်နေမှုကို ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင် (၉၈/၀) မှ မိုင် (၁၂၉/၁) အထိ ဟိုင်းစတားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မိုင် (၉၈/၀)-(၁၀၈/၀) အတွင်း နိုင်လွန်ကတ္တရာလမ်းများ လှိုင်းများဖြစ်ပေါ်နေမှုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရန်ကုန်-မန္တလေး(အမြန်လမ်း)နှင့် (လမ်းဟောင်း) ကို ဆက်သွယ်ထားသည့် ကတ္တရာလမ်း (သုံးမိုင်နှစ်ဖာလုံ)အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားပါသည်။

၄။ **အုတ်တွင်းမြို့နယ်၊ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းပေါ်ရှိ တံတားအမှတ် (၂/၁၂၅) (၅၆) ပေ ကွန်ကရစ်တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် RC တံတားအဖြစ် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၅။ **တောင်ငူမြို့နယ်၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပွလင်လမ်းမိုင် (၇/၇)-(၈/၀) တွင်ရှိ ဒိုးသောင်တံတားကို ပြင်ဆင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ဒိုးသောင်တံတားကို (၂၀၁၄-၂၀၁၅) ခုနှစ်တွင် နှစ်လမ်းသွား RC တံတား ပေ ၄၅၀ ရှည် အသစ်ဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

ရှေးဦးပြုစုခြင်းပညာ (အခြေခံ) သင်တန်းဆင်း

နေပြည်တော် ဇန်နဝါရီ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရှေးဦးပြုစုခြင်းပညာ(အခြေခံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း **(အပေါ်ပုံ)**နှင့် ယင်းသင်တန်း၌ သင်တန်းသား ၁၀၀ ကို ရက်သတ္တတစ်ပတ်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၁၈၇

မန်နေဂျာ	**နှင့်**	၁။ ဦးစိန်ဝင်း		
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ငြိမ်းငြိမ်းထွန်း	}	၎င်းတို့၏အခွင့်ရ
တာမွေဘဏ်ခွဲ(ယခင်ပုဇွန်တောင်ဘဏ်)		၃။ ဦးသန်းအေး		ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး။		၄။ ဒေါ်နွဲ့နွဲ့ဦး		ဒေါ်မြတ်လေးဝင်း
ဒီကရီရသူ		**တရားရှုံးများ**		

၂၀၁၃ ခုနှစ် တရားမမှုအမှတ် ၁၃၀တွင် စရိတ်များအပါအဝင်ငွေ ၁၃၈၇၁၁၃၈.၄၅ အတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်(၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန်ဆင့်ဆိုကြေညာလိုက်သည်။ သို့သော်လည်း အထက်မည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည်အလင်း မရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်တွင်ဖော်ပြထားသည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၅)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေဧရိယာ ၀ ဒသမ ၅၅၈ဧက၊ (၄၀×၆၀)ပေရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၂၄×၂၄)ပေ အောက်ထပ်အင်္ဂတေခင်း၊ အပေါ်ထပ်လျှာထိုးခင်း၊ မျက်နှာကြက်ပါသွပ်မိုး နှစ်ထပ်အုတ်ညှပ်တိုက်၊ အိမ်နောက်ဖေးခြေရင်းဘက်တွင် (၁၀×၈)ပေ အကျယ်ရှိ မီးဖိုချောင်တွဲလျက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ။

ကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀ (ကျပ်သိန်းသုံးရာငါးဆယ်တိတိ)။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်း တစ်ခုခုအတွက် ရုံးတော်ကတာဝန်ခံမည်မဟုတ်။

တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊
လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်အတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည်ပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန် မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်ခံငြင်းပယ်ရန်ရုံးတော်က သို့တည်းမဟုတ် အရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါပြဋ္ဌာန်းချက်များကို အမြဲတမ်းအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသူအရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၆။ ဆွဲဝယ်သည့် ငွေအလုံးကို ဆွဲဝယ်ယူသူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၇။ အထက်ခွင့်ပြုသည့်အချိန် ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေရီ)
ဒုတိယခရိုင်တရားသူကြီး (၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၉၆၈ Nissan Cabstar PU (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထွန်း ၉/မနမ(နိုင်)၁၂၃၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၅၆

ဦးကျော်သူအေး	နှင့်	ဦးမင်းမင်းထူး
တရားလို		**တရားပြိုင်**

ဦးမင်းမင်းထူး၊ ဘုန်းမြတ်ပိုင်စိုးကုမ္ပဏီ၊ သီရိပဒေသာကားကြီးဝင်း၊ ရပ်ကွက်ကြီး ၁၀၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးကျော်သူအေးက ဤရုံးသို့ ပြင်ဦးလွင်ခရိုင်တရားရုံးဇာရီမှု ၂၁/၂၀၁၃ ၏ ၁-၈-၂၀၁၃ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက် ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

ညှော်ခန်းဆောင်က စပျစ်သီး

အခမ်းအနားများတွင် လည်းကောင်း၊ ညှော်ခန်းဆောင်များတွင် လည်းကောင်း ကျက်သရေကို ပိုမိုတင့်တယ်စေသည့် အသီးအနှံပွဲများတွင် မင်းမူနေရာယူနိုင်သည့် အသီးတစ်မျိုးမှာ စပျစ်သီးဖြစ်ပါသည်။ စားသုံးသူတို့၏ စိတ်ဘဝင်ကို အဦးဆုံး ဆွဲဆောင်နိုင်သည့်အတွက် သစ်သီးပွဲများတွင် စပျစ်သီးသည် မရှိမဖြစ်သီးနှံဖြစ်နေသည်။ စပျစ်သီးသည် ပုံသဏ္ဌာန်လည်းလှပါ၏။ အရသာလည်း ချိုမြိန်ပါ၏။ အရောင်အဆင်းလည်း တင့်တယ်ပါ၏။ ထို့ကြောင့်ပင် ညှော်ခန်းမဆောင်တို့၏ အလှကိုဖော်ကျူးသော ပန်းချီကားကြီးများတွင် ပန်းချီကျော်တို့က စပျစ်သီးကို မမေ့မလျော့ထည့်သွင်းရေးဆွဲလေ့ရှိကြသည်ကို သတိပြုမိကြမည်ဖြစ်သည်။

ထိုထိုသော အလှသရဖူ ဂုဏ်အလံထူလျက် စားဖွယ်ပွဲအထက်နေရာတက်ယူနေသော စပျစ်သီးသည် သာမန်အစွမ်းဖြင့်မူ မိမိ၏နေရာကို ကြာရှည်ယူထားနိုင်မည်မဟုတ်ပေ။ မှန်ပါ၏။ စပျစ်သီးတွင် မြောက်မြားလှသော ဂုဏ်ဒြပ်တို့ရှိပေရာ အောက်ပါအတိုင်း မှတ်သားစုဆောင်းမိသမျှ ဝေငှလိုက်ပါသည်။

အရွယ်တင်

စပျစ်သီးမျိုးစိတ်ပေါင်းများစွာရှိပြီး ပေါက်ရောက်ရာအရပ်ဒေသပေါ်မူတည်ပြီး အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ရှိကြပါသည်။ အရောင်နှင့် အမျိုးအစားပေါ်လိုက်၍ အရသာမှာလည်း ဖန်၊ ချဉ်၊ ချို စသည်ဖြင့် ကွဲပြားသည်။ အနီရောင်နှင့် ခရမ်းရောင်စပျစ်သီးများတွင် အစိမ်းရောင်စပျစ်သီးထက် အင်တီအောက်ဆီးဒင့်ပမာဏပိုများကြောင်း သိရသည်။ အင်တီအောက်ဆီးဒင့်သည် ဇရာအရွယ်ရင့်မှုကို လျင်မြန်စွာမရောက်ရှိစေရန် ထိန်းထားပေးပြီး အရွယ်တင်နုပျိုစေသော ဂုဏ်အထူးရှိပါသည်။ အထူးသဖြင့် စပျစ်စေ့တွင် အင်တီအောက်ဆီးဒင့် ပိုမိုပါဝင်သည်ဟု သိရသည်။ ထို့အပြင် အခွံအရောင်ရင့်သော စပျစ်သီးသည် ကျန်းမာရေးအတွက် ပိုမိုဆေးဖက်ဝင်ပါသည်။

ပါဝင်သည့်ဓာတ်များ

စပျစ်သီးတွင် ဗီတာမင်အေ၊ စီ၊ B-6၊ ဖောလိတ်ဓာတ်များ၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဖော့စ်ဖရပ်စ်၊ မဂ္ဂနီဆီယမ်နှင့် ဆီလီနီယမ်ကဲ့သို့ မရှိမဖြစ် သတ္တုဓာတ်များ ပါဝင်ကြောင်း သိရသည်။ စပျစ်သီးတွင်

ဗက်တီးရီးယားများကို တွန်းလှန်နိုင်သော ဂုဏ်သတ္တိရှိသောကြောင့် ကူးစက်ပိုးဝင်မှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ စပျစ်သီးတွင် ပါဝင်သော ဖလေဗိုနွိုက်သည် မျက်စိအတွင်းတိမ်ဖြစ်နိုင်ခြေကို လျော့ကျစေပါသည်။ သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် သွေးအားကိုကောင်းစေပြီး မောပန်းမှုကို လျော့နည်းစေသည်။ စပျစ်သီးတွင် ဂလူးကို့စ်သကြားဓာတ်ကြွယ်ဝစွာပါဝင်သည့်အတွက် သကြားဓာတ်ကိုလွယ်ကူစွာ စုပ်ယူနိုင်ကာ ခန္ဓာကိုယ်ကို အားသစ်လောင်းပေးသည့် အစွမ်းများရရှိကြောင်း သိရသည်။ ထို့ကြောင့် အစာချေစနစ် အားနည်းခြင်း၊ အထွေထွေမသန်စွမ်းဖြစ်ခြင်းနှင့် အဖျားရောဂါကျရောက်သော ကိစ္စရပ်များတွင် စပျစ်သီးသည် အလွန်တန်ဖိုးကြီးပါသည်။

အကျိုးရှိ

အသင့်ဖျော်စပျစ်သီးရည်များတွင် သကြားပါဝင်မှု မြင့်မားသောကြောင့် များများမသောက်သုံးသင့်ပါ။ လတ်ဆတ်သောစပျစ်သီးကိုသာ ကိုယ်တိုင်ဖျော်ရည်ပြုလုပ်၍ သောက်သုံးသင့်ပါသည်။ စပျစ်သီးဖျော်ရည် သောက်သုံးခြင်းဖြင့် ဦးနှောက်၏လုပ်ငန်းဆောင်တာများကို တိုးတက်စေပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်း၊ သွေးဖိအားကို ထိန်းပေးနိုင်ခြင်းနှင့် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို ပျောက်ကင်းစေကြောင်း သိရသည်။ ထို့ပြင် ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ အစာမကြေ၊ ပင်ပန်း၊ ကျောက်ကပ်နာ၊ ကင်ဆာ၊ အမြင်အာရုံ ဆုံးရှုံးခြင်း၊ မျက်စိမှုန်ခြင်း၊ ဝမ်းနှင့်ပတ်သက်သောရောဂါတို့ကို ပျောက်ကင်းစေသည်။

ပျောက်ကင်း

စပျစ်သီးစားခြင်းဖြင့် ဝမ်းပုံမှန်သွားစေသည်။ အစာမကြေ၊ ရင်ပြည့်ရင်ကယ် ရောဂါဝေဒနာများကို ပျောက်ကင်းစေသောကြောင့် အစာစားပြီးသည့်အခါတွင် အချိုပွဲအဖြစ် မှီဝဲစားသုံးသင့်သော အသီးတစ်မျိုးလည်း ဖြစ်သည်။ တစ်နေ့သုံးကြိမ်စားသုံးပါက အမြင်အာရုံချို့ယွင်းမှုကို ၃၆ ရာခိုင်နှုန်း လျော့ချပေးနိုင်ကြောင်း သိရသည်။

အာနိသင်

စပျစ်သီးအနီသည် ဗက်တီးရီးယားပိုးများကို သေစေနိုင်သည့် အာနိသင်ရှိသောကြောင့် ပိုလီယိုဗိုင်းရပ်စ်နှင့် ရေယုန်ဗိုင်းရပ်စ်တို့ကို ကာကွယ်နိုင်ပါသည်။ သွားဖုံးတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအတွက် ထိရောက်သောအစွမ်းရှိပြီး အရက်စွဲခြင်းကို ကုသရာတွင်လည်း အသုံးဝင်သည်။ စင်စစ်စပျစ်သီးမှည့်များ၏ အနှစ်ရည်သည် မီးဂရိန်းခေါ် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာများအတွက် အလွန်ထိရောက်သော အိမ်တွင်းဆေးတစ်လက်ဖြစ်သည်။ စပျစ်သီးတစ်ခိုင်နေ့စဉ်စားသုံးခြင်းဖြင့် ကျောရိုးတစ်လျှောက်တွင် ဖြစ်ပေါ်တတ်သောရောဂါများကို ပျောက်ကင်းနိုင်ကြောင်း သိရသည်။ ကျက်အောင်ကျိုထားသော နွားနို့ပူပူတွင် အစေ့ထုတ်ထားသော စပျစ်သီးဆယ်လုံး၊ ဆယ့်နှစ်လုံးခန့်ထည့်ကာ ညအိပ်ခါနီးတိုင်းသောက်ပြီး ဝါးစားခြင်းဖြင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

စပျစ်သီးအခွံသည် အဆီကိုကျစေခြင်း၊ အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ဟန့်တားပေးခြင်း၊ ဦးနှောက်ကျန်းမာရေးကိုအားပေးပြီး အာရုံကြောများ ချို့ယွင်းပျက်စီးမှုကို နှောင့်နှေးစေခြင်းများကို ကုသရာတွင် သုံးစွဲနိုင်သည်။ ပိုမိုဆေးဖက်ဝင်စေရန် စပျစ်သီးအစေ့နှင့် အခွံများကိုပါ စားပေးရမည် ဖြစ်သည်။ မြန်မာ့ဆေးကျမ်းသာမက အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသမီးများ ကျန်းမာရေးဂျာနယ်၊ ရော်ချက်စတာတက္ကသိုလ်၊ ဟားဗတ်ဆေးဝါးတက္ကသိုလ်၊ ကယ်လီဖိုးနီးယားရှိ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်နှင့် တူရကီနိုင်ငံရှိ Erciyes တက္ကသိုလ်တို့တွင် စပျစ်သီးနှင့် ပတ်သက်ပြီး ဆေးဖက်အသုံးဝင်မှုများကို သုတေသနပြုတင်ပြထားကြောင်း သိရသည်။

လောကတွင် မည်မျှပင်ကောင်းမွန်လှသော ဆေးစွမ်းတစ်လက်ဖြစ်စေကာမူ နေရာခပ်သိမ်း အသုံးချနိုင်စွမ်းရှိသည်မဟုတ်ပေ။ ထို့အတူ စပျစ်သီးသည် ဆေးဖက်ဝင်အစွမ်းများရှိသော်လည်း အချို့သောသူများသည် စပျစ်သီးနှင့် မွေးရာပါဓာတ်မတည့်မှုများ ဖြစ်ပေါ်စေနိုင်သောကြောင့် သတိပြုစားသင့်ကြောင်း တင်ပြလိုက်ပါသည်။

လပြည့်သော်တာ

မျက်စိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်များ မင်္ဂလာတောင်ညွန့်တွင် အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးငွေဆန်း ဦးဆောင်ကာ မျက်စိဆရာဝန်သုံးဦး၊ မျက်စိကျွမ်းကျင်နှစ်ဦး၊ သူနာပြုအုပ်အပါအဝင်သုံးဦးတို့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေသန္တရကျန်းမာရေးဆေးခန်း၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ လူနာကုန်သည်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ မှ မျက်စိဝေဒနာလာရောက်ပြသသူများအား မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်လူမှုရေးအဖွဲ့အစည်းများက လိုအပ်သော ပံ့ပိုးကူညီမှုများကို စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ အတွင်းရေးမှူး ဦးမင်းနိုင်တို့ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

နှစ်သစ်ရနံ့ကလေးသူငယ်များ ပညာရေးရန်ပုံငွေဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ဓာတ်ပုံပညာရှင် Mr. Poul Broman II ၏ ၂၀၀၁ ခုနှစ်က ရိုက်ကူးပုံဖော်ထားသည့် တိုင်းရင်းသားရိုးရာ မှတ်တမ်းဓာတ်ပုံများကို ကလေးသူငယ်များ ပညာရေးရန်ပုံငွေ ဓာတ်ပုံပြပွဲအဖြစ် စီစဉ်ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါပြပွဲမှ ဓာတ်ပုံရောင်းချခြင်းဖြင့် ရရှိငွေအားလုံးကို ကလေးသူငယ်များ ပညာရေးရန်ပုံငွေအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ရနံ့ (New Year Breeze) ဓာတ်ပုံပြပွဲကို အမှတ် ၂၇ နဝဒေးလမ်း မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအနုပညာပြခန်းတွင် ဇန်နဝါရီ ၁၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဟု သိရသည်။

မြတ်စန္ဒီသင်းဇော်

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ ထိခိုက်ချို့ယွင်းစေခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပျက်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ တူးဖော်ခြင်းများနှင့်စပ်လျဉ်း၍

သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒေသအချို့၌ ရှေးဟောင်းစေတီ၊ ပုထိုးများကို ပြုပြင်ထိန်းသိမ်းရန်အတွက်ဟုဆိုကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရယူခြင်းမရှိဘဲ ဘုရားစေတီများ၏ ဌာပနာပစ္စည်းများကို တူးဖော်ရယူခြင်း၊ တစ်နည်းနည်းဆောင်ရွက်ခြင်းများအား ဥပဒေမဲ့ကျူးလွန်လျက်ရှိကြောင်း ကြားသိရပါသည်။

၃။ ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့် ဥပဒေပုဒ်မ ၈ အရ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(၁)အဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

(က) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်သော် လည်းကောင်း၊ သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရစေရန် သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေအောင် သို့မဟုတ် ထိုသို့တစ်စုံတစ်ရာ ဖြစ်စေတန်ရာအောင် သော်လည်းကောင်း နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊

အချပ်ပို (F)သို့

ဥပဒေကြမ်း

အချပ်ပို (E)သို့

ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှု၊

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ခိုးယူမှု သို့မဟုတ် လုယက်မှု၊

(ဂ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို အလွဲသုံးစားပြုမှု၊

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တုပ လိမ်လည်မှု၊

(င) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှု၊

(စ) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်အလို့ငှာ ပုဒ်မခွဲ (က) မှ (ဃ) အထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဆ) ခြိမ်းခြောက်၍ ဖြစ်စေ၊ အတင်းအဓမ္မအင်အားအသုံးပြု၍ ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ခြိမ်းခြောက်၍ဖြစ်စေ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တောင်းဆိုမှု၊

(ဇ) ပုဒ်မခွဲ (က) မှ (ဆ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် နျူကလီးယား အဆောက်အအုံဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) နိုင်ငံတော်၏ နယ်နိမိတ်အတွင်းရှိ နျူကလီးယားအဆောက်အအုံကို တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်းမပြုဘဲ သူတစ်ဦးဦးကို သေစေရန်၊ ပြင်းထန်စွာဒဏ်ရာရစေရန်၊ ပစ္စည်း သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့တစ်စုံတစ်ရာ ဖြစ်စေတန်ရာအောင် ရည်ရွယ်၍သော်လည်းကောင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား သိလျက်နှင့် ထုတ်လွှတ်ခြင်း သို့မဟုတ် ထုတ်လွှင့်စေခြင်းဖြင့် နျူကလီးယားအဆောက်အအုံများကို ဖြစ်စေ၊ ယင်းအဆောက်အအုံများ၏ လည်ပတ်ဆောင်ရွက်မှုများကို ဖြစ်စေ ထိခိုက်စေသည့် ညွှန်ကြားမှု၊

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဂ) ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မ အင်အားအသုံးပြု၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ကြောက်ရွံ့အောင် ခြိမ်းခြောက်၍ဖြစ်စေ နျူကလီးယား အဆောက်အအုံကို တောင်းဆိုမှု၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၁။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် သီးခြားသတ်မှတ်ထားသည့် ပလူတိုနီယံအပါအဝင် နျူကလီးယားဒြပ်ပစ္စည်းများနှင့် နည်းပညာတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားသိုခြင်း၊ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့်သတ်မှတ်၍ လိုအပ်သောအစီအမံများချမှတ်ပြီး ယင်းလုံခြုံမှုအစီအမံများနှင့်အညီဖြစ်စေရန် ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းချုပ်ရမည်။

၂၂။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှု ပြုနေစဉ်ကာလအတွင်း ပုဒ်မ ၂၁ အရ သတ်မှတ်ထားသော အမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှုအစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှအာမခံချက်များ မရရှိလျှင် နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယား အဆောက်အအုံများကို-

(က) ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ခ) ပြည်ပမှတင်သွင်းရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကို သော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်မှတစ်ဆင့် ဖြတ်သန်းသယ်ယူ ပို့ဆောင်ခြင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

၂၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် တမင်ကျူးလွန်လျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံကို ပုဒ်မ ၂၁ အရ သတ်မှတ်သည့် ဘေးကင်းလုံခြုံမှုအစီအစဉ်များနှင့် မကိုက်ညီဘဲ ပြည်တွင်းသို့ တင်သွင်းမှု၊ ပြည်ပသို့ တင်ပို့မှု၊ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်မှု၊ နိုင်ငံတော်ကိုဖြတ်သန်း၍ သို့မဟုတ် နိုင်ငံတော်မှတစ်ဆင့် သယ်ယူ ပို့ဆောင်မှု၊

(ခ) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အဏုမြူအန္တရာယ် တိုးမြှင့်ကာကွယ်ထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် မဟုတ်ဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကို လည်းကောင်း၊ နျူကလီးယား ဆိုင်ရာ နည်းပညာကိုလည်းကောင်း လွှဲပြောင်းပေးမှု။

၂၄။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင် ကျူးလွန်လျှင် နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) သူတစ်ဦးဦးကို သေဆုံးစေရန် သို့မဟုတ် အပြင်းအထန် ဒဏ်ရာရစေရန် သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာအောင် သော် လည်းကောင်း ရည်ရွယ်၍-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာကိုအသုံးပြု၍ တစ်နည်းနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုမှု၊ လက်ဝယ်ထားမှု သို့မဟုတ် ပြုလုပ်မှု၊

(၂) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ နျူကလီးယားအဆောက်အအုံကို အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လွှင့်မှု သို့မဟုတ် အဏုမြူဓာတ်ရောင်ခြည်များပျံ့လွင့်စေမှု၊

(ခ) သူတစ်ဦးကိုဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဖြစ်စေ၊ နိုင်ငံတော်ကို ဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သောဆောင်ရွက်မှုကို မပြုနိုင်စေရန် အတင်း အဓမ္မပြုလုပ်၍ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ နျူကလီးယားအဆောက်အအုံကို အသုံးပြုမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါ အဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၅။ (က) သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှုပြုရာတွင် အောက်ပါကိစ္စရပ်များအတွက် ပြည်ပနိုင်ငံ များနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အဖွဲ့ အစည်းမှ တစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက် ရမည်-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယား အဆောက်အအုံများအား လုံခြုံမှုအစီအမံများနှင့် စနစ်များထားရှိရေး နှင့် အကာအကွယ်ပေးရေး၊

(၂) နျူကလီးယား ဒြပ်ပစ္စည်းဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန်နှင့် နျူကလီးယား အဆောက်အအုံများအား နှောင့်ယှက်ဖျက်ဆီးမှု များမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှုအစီအမံများ ပြုလုပ်ရေး၊

(၃) အကယ်၍ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက ရေဒီယိုသတ္တိကြွမှု များ လျော့နည်းနိုင်သမျှလျော့နည်းစေရန် စီမံထားရှိရေး၊

(၄) နျူကလီးယားဒြပ် ပစ္စည်းတစ်မျိုးမျိုး ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ထိုပစ္စည်းကို ပြန်လည်ရရှိရေး။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက် ခြင်းကို လည်းကောင်း၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ ရရှိသော သတင်းအချက်အလက်များကိုလည်းကောင်း၊ ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှား ဆောင်ရွက်မှုများကို လည်းကောင်း လုံခြုံမှုအဆင့်အတန်း သတ်မှတ် ထိန်းသိမ်းဆောင်ရွက်ရမည်။

၂၆။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည်-

(က) ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားဒြပ်ပစ္စည်းများ နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများကို အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းတွင် သယ်ယူ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းတို့အပေါ်တွင်လည်း သက် ရောက်သည်။

(ခ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အသုံးပြုသည့် နျူကလီးယား ဒြပ် ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယား အဆောက်အအုံကိုဖြစ်စေ အတင်းအဓမ္မအင်အားသုံး၍ အသုံးပြုခြင်းကို လည်းကောင်း၊ ထိုသို့အသုံးပြုရန် ခြိမ်းခြောက်ခြင်းကိုလည်းကောင်း ဥပဒေ နှင့်အညီခွင့်ပြုသည်ဟု အဓိပ္ပာယ်မကောက်ယူရ။

(ဂ) ငြိမ်းချမ်းရေး ရည်ရွယ်ချက်အတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း နှင့်အညီ တိုးမြှင့်ကာကွယ်ထိန်းသိမ်းရေးအလို့ငှာ နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် နျူကလီးယားနည်းပညာလွှဲပြောင်းခြင်းကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများကို ပြည်တွင်းရှိနေရာ တစ်ခုခုမှ နိုင်ငံတကာရေပြင် သို့မဟုတ် လေထုကိုဖြတ်သန်း၍ ပြည်တွင်း ရှိ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဝင်ထွက်ပေါက် သို့မဟုတ် အခြားနေရာ တစ်ခုခုသို့ ကုန်းလမ်း၊ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်း ဖြင့်ဖြစ်စေ ထိုဆိပ်ကမ်း၊ လေဆိပ်၊ ဂိတ် သို့မဟုတ် အခြားနေရာတစ်ခုခုမှ တစ်ဆင့်ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းအပေါ်တွင်လည်း သက်ရောက် သည်။

(င) အပြည်ပြည်ဆိုင်ရာဥပဒေ အထူးသဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင်ပါရှိသော နိုင်ငံအသီးသီးနှင့် ပုဂ္ဂလိကတို့၏ အခွင့် အရေးများနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

(စ) လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေစဉ်အတောအတွင်း နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့်အညီ စစ်ပွဲအတွင်း လက်နက်ကိုင် တိုက်ခိုက်မှုများအပေါ်တွင်လည်းကောင်း၊ တပ်မတော်က အပြည်ပြည် ဆိုင်ရာ စည်းမျဉ်း ဥပဒေများနှင့်အညီ တာဝန်ယူဆောင်ရွက်မှုများ အပေါ်တွင်လည်းကောင်း သက်ရောက်ခြင်းမရှိစေရ။

(ဆ) စစ်ရေးကိစ္စအတွက် နျူကလီးယားဒြပ်ပစ္စည်းကို ဖြစ်စေ၊ နျူကလီးယား အဆောက်အအုံတွင် ပါဝင်သည့် ပစ္စည်းကိရိယာကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ကိုင်စွဲခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းအပေါ်တွင် သက်ရောက်ခြင်း မရှိစေရ။

အခန်း(၈)
ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး

၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကို ဥပဒေ နှင့်မညီဘဲ တမင်ကျူးလွန်လျှင် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေ သည့် ဥပဒေမဲ့ပြုလုပ်သည့် ပြစ်မှုဖြစ်သည်-

(က) အတင်းအဓမ္မအင်အားသုံး၍ ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ သင်္ဘောကို ဖမ်းဆီး သိမ်းပိုက်မှု သို့မဟုတ် သင်္ဘောသွားလာရေးကို ထိန်းချုပ်မှု၊

(ခ) သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေတန်ရာသော ပြုလုပ်မှုဖြင့် သင်္ဘောပေါ်ရှိသူအား အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) သင်္ဘောကို ဖျက်ဆီးမှု သို့မဟုတ် သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေအောင် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်စည်များကို ဖြစ်စေ ဖျက်ဆီးမှု သို့မဟုတ် ထိခိုက်ပျက်စီးစေမှု၊

(ဃ) သင်္ဘောကိုပျက်စီးစေရန် သော်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေး ကို ဘေးအန္တရာယ်ဖြစ်စေရန် သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ပျက်စီးစေရန် သော် လည်းကောင်း ဖျက်ဆီးနိုင်သည့် သို့မဟုတ် ပျက်စီးစေနိုင်သည့်ကိရိယာ သို့မဟုတ် အရာဝတ္ထုကို သင်္ဘောပေါ်တွင်ထားရှိမှု သို့မဟုတ် ထားရှိစေမှု၊

(င) ရေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များ၊ ဆက်သွယ်ရေး အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဖျက်ဆီးမှု၊ ဆိုးရွားစွာ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ထိုအဆောက်အအုံစနစ်များနှင့် ဝန်ဆောင်မှုများကို ဆိုးရွားစွာဝင်ရောက် နှောင့်ယှက်ခြင်းဖြင့် သင်္ဘော ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြုလုပ်မှု၊

(စ) သင်္ဘော၏ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်း သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်အကြောင်း ကြားမှု၊

(ဆ) သူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘော ပေါ်တွင်ဖြစ်စေ၊ ထိုသင်္ဘောပေါ်မှဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်ပစ္စည်းများ သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေး အန္တရာယ်ဖြစ်စေသော ပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(ဇ) ပုဒ်မခွဲ (ဆ) တွင် ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယို သတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ အလားတူ ပစ္စည်းကိရိယာ၊ အခြားအရင်းအမြစ်ပစ္စည်း၊ အလိုအလျောက် အထူး ပြုကွဲနိုင်သည့် ပစ္စည်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အထူးပုံစံထုတ် ပြုလုပ်ထားသော သို့မဟုတ် ပြုပြင်ထားသောပစ္စည်းကိရိယာများကို သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဈ) သူတစ်ဦးဦးကို တစ်နည်းနည်းဖြင့် သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာ ရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင် ပစ္စည်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန် သင်္ဘောကိုအသုံးပြုမှု၊

(ည) ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပြီးသည့် အကြမ်းဖက် သမားအား သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဋ) ပုဒ်မခွဲ (က) မှ (ည) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းကမ်းချက်ဖြင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ ခြိမ်းခြောက်မှု၊

(ဌ) ပုဒ်မခွဲ (က) မှ (ဋ)အထိ ဖော်ပြထားသော ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ သူတစ်ဦးဦးကို ထိခိုက် ဒဏ်ရာရစေမှု သို့မဟုတ် သေဆုံးစေမှု၊

(ဍ) ပုဒ်မခွဲ (က) မှ (ဌ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန် ရာတွင် ကြံရာပါ အဖြစ် ပါဝင်ဆောင်ရွက်မှု။

သင်္ဘောများနှင့် ဆိပ်ကမ်းများ လုံခြုံရေး

၂၈။ (က) သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန်စီမံထားရှိ သော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေ မည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီတောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ အတွက် နိုးနိုးကြားကြားသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်၍ လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးနှင့် သတင်းအချက် အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်း အာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်း ကိုယ်စားလှယ်များအား ညွှန်ကြားရမည်။

(ခ) သင်္ဘောကုမ္ပဏီများသည် ဤအခန်းပါ သက်ဆိုင်ရာလိုအပ်ချက်များကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းလွယ်ကူ အဆင်ပြေရေး အသုံးအဆောင်ပစ္စည်းများ လုံခြုံရေးဥပဒေပါလမ်းညွှန် ချက်များကိုလည်းကောင်း အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်မှူးသည် နိုင်ငံတော်၏ဆိပ်ကမ်းတစ်ခုခုကို ဝင်ရောက်ဆိုက်ကပ် ခြင်း မပြုမီသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပင်လယ်ပြင်၌ အသက် ဘေးအန္တရာယ်ကင်းရှင်းရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင် နိုင်ငံ တစ်ခုခု၏ ဆိပ်ကမ်းတွင် ရှိနေလျှင်သော်လည်းကောင်း သတ်မှတ်ထား သည့် လုံခြုံမှုအဆင့်အလိုက် လိုအပ်ချက်များကို လိုက်နာဆောင်ရွက် ရမည်။

၂၉။ ရေယာဉ်မှူးသည်-

(က) သင်္ဘောများအား ဘေးအန္တရာယ်ဖြစ်စေသည့် ခြိမ်းခြောက်မှုများနှင့် ထိပါး တိုက်ခိုက်မှုများ၏အန္တရာယ်မှ ကင်းဝေးစေရန် လိုအပ်သော ကာကွယ်တားဆီးမှုများနှင့် နှိမ်နင်းမှုများကို ပြုလုပ်နိုင်သည်။

(ခ) သင်္ဘော၏ ဘေးကင်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရန် လိုအပ်လျှင် ကုန်စည်၊ ကုန်သေတ္တာ သို့မဟုတ် အခြားအလုံပိတ် ကုန်စည်သယ်ယူပို့ဆောင်ရန် သင်္ဘောပေါ် အတင်အချပြုလုပ်မှုကို ငြင်းဆိုခြင်းအပါအဝင် ရေယာဉ်မှူး ၏ ရေကြောင်းပို့ဆောင်ရေး အတွေ့အကြုံ ကျွမ်းကျင်မှုဖြင့်ဆုံးဖြတ်၍ ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ကို သင်္ဘောကုမ္ပဏီ၊ သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် အခြားသူတို့က တားဆီးချုပ်ချယ်ခွင့်မရှိစေရ။

၃၀။ (က) ဤအခန်းပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူ

အချပ်ပို (G)သို့

ဥပဒေကြမ်း

အချပ်ပို (F)မှ

အား မိမိသဘော်၊ မှတ်ပုံတင်ထားသော နိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း၊ ဆိုက်ရောက်ရာ နိုင်ငံ၏ရေကြောင်း ဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း၊ ဖြစ်နိုင်သမျှ ကြိုတင် အကြောင်းကြားပြီး အတည်ပြုချက်ရယူလျက် သက်သေခံအထောက် အထားများနှင့်အတူ ဆိုက်ရောက်ရာ နိုင်ငံ၏ ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ လွှဲအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လွှဲအပ်သည့် အကြမ်းဖက်သမားအား လက်ခံရရှိသော ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူ သည် ထိုအကြမ်းဖက်သမားအား ဤဥပဒေအခန်း(၁၆)ပါ ပြဋ္ဌာန်းချက် များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

၃၁။ ဤအခန်းပါ ရေကြောင်းပို့ဆောင်ရေးကို အန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့် မညီဘဲ တမင်ပြုလုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည်။

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွင်း တွေ့ရှိရသော ပုဒ်မ ၂၇ ပါ ပြစ်မှုကျူးလွန်သူ သို့မဟုတ် ထိုပြစ်မှုဖြင့် စွပ်စွဲခံရသူနှင့်လည်း သက်ဆိုင်စေရမည်။

၃၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါသင်္ဘောများနှင့် မသက်ဆိုင်-

(က) စစ်သင်္ဘော၊

(ခ) နိုင်ငံတစ်နိုင်ငံက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် ရေတပ်အကူအဖြစ်သုံးသော သင်္ဘော သို့မဟုတ် အကောက်ခွန်အတွက် ဖြစ်စေ၊ ရဲတပ်ဖွဲ့အတွက်ဖြစ်စေ သုံးသောသင်္ဘော၊

(ဂ) ရေကြောင်းသွားလာခြင်းမှ ရုပ်သိမ်းထားသည့် သို့မဟုတ် လုပ်ငန်း ရပ်နားထားသည့် သင်္ဘော၊

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်း မဟုတ်ဘဲ အစိုးရကပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် သင်္ဘောများနှင့် အစိုးရကိစ္စအတွက်သာ အသုံးပြုသည့် အခြားသင်္ဘော များ။

အခန်း (၉)

ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက ရေအောက် သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် ထိန်းချုပ်၍ အသုံးချ ဆောင်ရွက်မှု၊

(ခ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ် ဖြစ်စေရန် ထိုအဆောက်အအုံပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ် ဖြစ်စေရန် ထိုအဆောက်အအုံကို ဖျက်ဆီးမှု သို့မဟုတ် ပျက်စီးစေမှု၊

(ဃ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ ပျက်စီးစေအောင် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် တစ်နည်းနည်းဖြင့် ဖျက်ဆီးရေး ကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ထိုအဆောက်အအုံပေါ်တွင် ချထားမှု သို့မဟုတ် ချထားစေမှု၊

(င) သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း၊ ရေအောက်သယံဇာတ ရှာဖွေရေး အဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်တွင်ဖြစ်စေ၊ ထိုအဆောက်အအုံမှဖြစ်စေ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယို သတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ပစ္စည်း သို့မဟုတ် ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသော ကိရိယာ သို့မဟုတ် အရာဝတ္ထု၊ အဆိပ်အတောက်ဖြစ်စေသော ကိရိယာ သို့မဟုတ် အရာဝတ္ထုကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ အများပြည်သူကို ခြိမ်းခြောက်မှု၊ သူတစ်ဦးဦးကို ဒဏ်ရာရစေမှု သို့မဟုတ် သေစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ (စ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန် ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၃၄။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်မှဖြစ်စေ ပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခု ကို နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်တွင် သော်လည်းကောင်း၊ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင် သော်လည်းကောင်း၊ မည်သူမျှ ပြစ်မှုကျူးလွန်နိုင်ခြင်း မရှိစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့ အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအားဆောင်ရွက်စေ ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၀)

စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးနှင့် အမှတ်အသား ပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၅။ မည်သူမဆို-

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ် သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်း မရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို နိုင်ငံတော်၏ နယ်နိမိတ် အတွင်းဖြစ်စေ၊ နယ်နိမိတ် ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြု ချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်း သယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေး ကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင် ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှု ကျူးလွန်ရာရောက်သည်။

၃၆။ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များသည် အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်ကလုပ်ပိုင်ခွင့်အပ်နှင်းထား သော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်က ဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ လုပ်ငန်းတာဝန်အရ ဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထု ပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

၃၈။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တပ်မတော်မှအာဏာပိုင်များ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်-

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်း သော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သော သို့မဟုတ် ရှိပြီး ဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါဝတ္ထုပစ္စည်းများကို လက်ဝယ် ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်မညီညွတ်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှ ဆောလျင်စွာ ဖျက်ဆီးရမည်။

အခန်း (၁၁)

အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၉။ မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်း ကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှုကြီးမားစွာဖြစ်စေတန်ရာအောင် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေရန် သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့် မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှု ဖြစ်သည်-

(က) အများပြည်သူ အသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အစိုးရ အသုံးအဆောင် အထောက်အကူပြုပစ္စည်းတစ်ခုခုတွင် ဖြစ်စေ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက် အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်း တို့ကိုဖျက်ဆီးမှု၊

(ခ) ပုဒ်မခွဲ (က) ၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါ အဖြစ် ပါဝင်ဆောင်ရွက်မှု၊

(ဂ) အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက် ဗုံးခွဲ တိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၄၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၂)

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၄၁။ မည်သူမဆို အကြမ်းဖက်မှုတစ်ခုခု ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ ယင်းပြစ်မှုဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်နိုင်စေရန် အလို့ငှာ အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာ ရောက်သည်-

(က) တရားဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ တရားမဝင်သောနည်းလမ်းဖြင့် ဖြစ်စေ၊ ယင်းနည်းလမ်းနှစ်မျိုးလုံးဖြင့်ဖြစ်စေ ရရှိသည့် ရန်ပုံငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမား တစ်ဦးဦး သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုခုက အသုံးပြုရန်ရည်ရွယ်၍ သော်လည်း ကောင်း၊ အသုံးပြုမည်ဟု သိရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့် မညီဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် တမင်ကောက်ခံခြင်း သို့မဟုတ် လက်ခံခြင်း သို့မဟုတ် ထောက်ပံ့ခြင်း သို့မဟုတ် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် တစ်စိတ် တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်း ဖြင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ရည်ရွယ်၍ သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိနိုင်ရန်အကြောင်းရှိလျက်နှင့် သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုကဖြစ်စေ၊ အကြမ်းဖက်သမားကဖြစ်စေ၊ ယင်းတို့၏ ကိုယ်စား အခြားသူတစ်ဦးဦးကဖြစ်စေ သိုမှီးထားသည့်၊ ထိန်းသိမ်းထား သည့် သို့မဟုတ် ထိန်းချုပ်ထားသည့်ပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ဖြစ်စေ၊ သိနိုင်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းပစ္စည်းကို ဖုံးကွယ် ခြင်း၊ ပြည်ပသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် အခြားသူ၏အမည်သို့ လွှဲပြောင်းခြင်း၊

(ဃ) အထက် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှုပြုခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကိုညွှန်ကြားခြင်း သို့မဟုတ် ထိုပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

၄၂။ မည်သူမဆိုသိလျက်နှင့် အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်-

(က) မည်သည့် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမား ပိုင် ပစ္စည်းကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် အရောင်းအဝယ်လုပ်ငန်း တစ်စုံတစ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခြင်း သို့မဟုတ် ဖြစ်မြောက် အောင် ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုတစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေရန် သို့မဟုတ် ယင်းတို့၏ စီမံညွှန်ကြားမှုအရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် ငွေကြေးဝန်ဆောင်မှု သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ခြင်း၊

(ဃ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းဟု သိရှိသောပစ္စည်းကို မိမိလက်ဝယ်ထားရှိခြင်း သို့မဟုတ် ထိန်းချုပ်မှု အောက်တွင် ရှိနေခြင်း၊

(င) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း တို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင် ရာ လုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံ သည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ခြင်း၊

(စ) အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်း ရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ခြင်း။

၄၃။ (က) မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမား ပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်လျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်း လျှင် သို့မဟုတ် လွှဲပြောင်းရန်အားထုတ်လျှင် သော်လည်းကောင်း၊ ထိုသို့ ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့ နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက် လျှင် သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ခ) ပုဒ်မခွဲ(က)အရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက် သမားပိုင် ပစ္စည်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို သဘောရိုးဖြင့် ဖွင့်ဟပြောဆိုသည့် သူတစ်ဦးတစ်ယောက်အား တရားမ ကြောင်းဖြင့် ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့် ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၄၄။ ဤအခန်းပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတစ်ခုခု မပေါ်ပေါက် စေကာမူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုမပြုစေကာမူ သို့မဟုတ် ကောက်ခံ ရရှိသော ရန်ပုံငွေကို အကြမ်းဖက်မှုကျူးလွန်ရာတွင် အမှန်တကယ် မသုံးစွဲစေကာမူ သို့မဟုတ် ကောက်ခံထားသော သို့မဟုတ် ထောက်ပံ့ပေးသော ရန်ပုံငွေသည် အကြမ်းဖက်လုပ်ရပ် တစ်ခုခုနှင့် ဆက်စပ်မှုမရှိစေကာမူ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။ ဤသို့ဆိုရာတွင် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေအတွင်း အကြမ်းဖက်ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း သို့မဟုတ် ကျူးလွန်ဖြစ်ပွားခြင်းကို သော်လည်းကောင်း၊ အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားသည် ဤအခန်းပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦး တစ်ယောက်နှင့် နိုင်ငံ သို့မဟုတ် နယ်မြေတစ်ခုအတွင်း အတူတကွ သို့မဟုတ် ခြားနားသော နိုင်ငံ သို့မဟုတ် နယ်မြေ များတွင် သီးခြားစီတည်ရှိနေခြင်းကို သော်လည်းကောင်း ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၄၅။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင် များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

အခန်း (၁၃)

စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၄၆။ ဗဟိုအဖွဲ့သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်ခြင်း သို့မဟုတ် ထိုသို့သော အမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအား လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် တားမြစ်မိန့်၊ ချိပ်ပိတ်အမိန့်နှင့်ပြောင်းလဲသည့်အခြေအနေအရ ထိုအမိန့်တို့ကို ရုပ်သိမ်း သည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်း များကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများ စစ်ဆေး ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း ၏ တာဝန်ရှိသူများထံ ထုတ်ဆင့်သည့် အမိန့်။

၄၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည်-

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ် သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့်ပစ္စည်းများအား အကြမ်းဖက် အုပ်စုများနှင့် အကြမ်းဖက်သမားများထံ ရောက်ရှိမသွားစေရေးအတွက် လည်းကောင်း၊ ယင်းအဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက် သမား သို့မဟုတ် အကြမ်းဖက် အုပ်စုတို့က ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရေးအတွက် လည်းကောင်း၊ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးမပြုနိုင်စေရေးအတွက်လည်းကောင်း လိုအပ်သော စုံစမ်း ထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများ ချမှတ်ခြင်း များပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်း ရေးအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) အကြမ်းဖက်သမားပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်ရေး၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေး

အချပ်ပို (H)သို့

ဥပဒေကြမ်း

အချပ်ပို (G)မှ

ဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် တရားစွဲတင်နိုင်ရေးတို့အတွက် လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုထုတ်နုတ်၍ဖြစ်စေ တာဝန်ပေးအပ်၍ ဆောင်ရွက်စေရမည်။

(ဂ) အကြမ်းဖက်မှုကျူးလွန်ရန်ထောက်ပံ့သောအဖွဲ့အစည်းများကို လည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို လည်းကောင်း အသုံးပြု၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ဃ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား အရေးယူစေခြင်းနှင့် သက်သေခံငွေကြေးနှင့်ပစ္စည်းများကို ပြည်ထောင်စုဘဏ္ဍာအဖြစ် သက်ဆိုင်ရာတရားရုံးက သိမ်းယူနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လိုအပ်သလို စီစဉ်ညွှန်ကြားရမည်။

(င) နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်လိုအပ်ပါက အကြမ်းဖက် အုပ်စုများနှင့် အကြမ်းဖက်သမားများ၏ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်ဖမ်းယူခွင့်အမိန့်ထုတ်ဆင့်နိုင်သည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်ပေးထားသော တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီကဖြစ်စေ ပေးအပ်သော လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သမျှ တည်ဆဲပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း (၁၄)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို အောက်ပါ အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်-

(က) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၁)၊ (၁၂) နှင့် (၁၃) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၇ ပါ လေယာဉ်ဝန်ဆောင်မှုပေးချိန် ဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်တွင် ကျူးလွန်သည့်ပြစ်မှု၊

(ဂ) ပုဒ်မ ၈ ပါ လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်မှု၊

(ဃ) ပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(င) ပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်တွင် ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်မှု။

၅၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်ဆယ်နှစ်အထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲငယ် (၁၀)၊ (၁၄) နှင့် (၁၅) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု၊

(ဂ) ပုဒ်မ ၁၉ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ အခြားရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ ပြစ်မှု၊

(ဃ) ပုဒ်မ ၂၀ ပါ နျူကလီးယား အဆောက်အအုံဆိုင်ရာ ပြစ်မှု၊

(င) ပုဒ်မ ၂၃ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ)(၁) ပါ နျူကလီးယားအဆောက်အအုံဆိုင်ရာ ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာပြစ်မှု၊

(စ) ပုဒ်မ ၂၄ ပါ နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာပြစ်မှု၊

(ဆ) ပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဇ) ပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဈ) ပုဒ်မ ၃၉ (က) နှင့် (ခ) ပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှု၊

(ည) ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) မှ (ဃ) အထိ ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု။

၅၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၅ ပါ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များကို ကျူးလွန်သည့် ပြစ်မှု၊

(ခ) ပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှု၊

(ဂ) ပုဒ်မ ၃၉ (ဂ) ပါ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၅၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃ ၊ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၆) မှ (၁၉) အထိ ပါရှိသော ပြုလုပ်မှု၊

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (င) နှင့် (စ) တွင် ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု၊

(ဂ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ သတင်းအချက်အလက်များကို ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်မှု။

၅၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉၊ ၅၀ နှင့် ၅၁ တို့တွင် ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ သေဆုံးစေလျှင် သို့မဟုတ် အပြင်းအထန် နာကျင်စေလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် နှစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၅။ ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၆။ တရားရုံးသည်-

(က) ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်။

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများအား ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်းအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

အခန်း (၁၅)
နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်း မပြုနိုင်အောင် ကာကွယ်တားဆီးခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းကို ကာကွယ်တားဆီးခြင်း၊

(ဃ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာန ထူထောင်ရန် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၅၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့်စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

အခန်း (၁၆)
အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း

၅၉။ (က) ဤဥပဒေပါ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေး စာချုပ်ရှိဘိသကဲ့သို့ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ဖော်ပြထားသည့် တရားခံလွှဲပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်ပါအတိုင်း တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခံရသည့် နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်နှင့်ဆက်သွယ်ညှိနှိုင်းပြီး အကြမ်းဖက်သမား တရားခံအား လွှဲပြောင်းပေးခြင်း သို့မဟုတ် လက်ခံခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်စေရမည်။

၆၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ အကြမ်းဖက် ပြစ်မှုတစ်ရပ်ရပ်ကို နိုင်ငံတော်တွင်း၌ကျူးလွန်သည့် တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍-

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့် ပြစ်မှုဟု မှတ်ယူခြင်းမပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင်ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေး ရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက် တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

အခန်း (၁၇)
အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံရေး

၆၁။ မည်သူမဆို ဤဥပဒေအရ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများရရှိစေရေးတို့အတွက် အာမခံချက်ရရှိစေရမည်။

၆၂။ မည်သူမဆို အကြမ်းဖက်မှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခံရလျှင် ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ထိုသူ၏နိုင်ငံသားအဖြစ်ခံယူထားသည့် နိုင်ငံမှ အနီးစပ်ဆုံး သင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

အခန်း (၁၈)
အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ

၆၃။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါရငွေနှင့် ပစ္စည်းများဖြင့် ထူထောင်ရမည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသည့် နိုင်ငံ့ဘဏ္ဍာမှ ထောက်ပံ့ငွေ၊

(ခ) တရားရုံးက လွှဲပြောင်းပေးသွင်းသည့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသော ငွေကြေးနှင့်ပစ္စည်းများ၊ ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ။

၆၄။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်ခွင့်ပြုခြင်းနှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုခြင်း ပြုနိုင်သည်-

(က) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ဆောင်ရွက်ရာ၌ လိုအပ်သော ကုန်ကျစရိတ်များ၊

(ခ) အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်သည့် ကိစ္စများ၊

(ဂ) အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်မှုများနှင့် အရေးယူဆောင်ရွက်သည့် ကိစ္စများ၊

(ဃ) အကြမ်းဖက်မှုကြောင့် ဘေးဒဏ်သင့်သူများအား သင့်လျော်သော ကူညီထောက်ပံ့မှုများ၊

(င) အကြမ်းဖက်သမားများအား ခံယူချက်ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများ၊

(စ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ။

အခန်း (၁၉)
အထွေထွေ

၆၅။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် ဆက်စပ်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ အခြားသူတစ်ဦးဦးက ထိုငွေကြေးနှင့်ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ထိုသူ၏အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း မရှိစေရ။

၆၆။ ဗဟိုအဖွဲ့သည် လူ့အခွင့်အရေးအရ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံလာခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ ခိုလှုံခွင့်တောင်းခံလာသူမှာ အကြမ်းဖက်မှုကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိနှင့် ထိုအကြမ်းဖက်မှုကို ကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု၊ ပူးပေါင်းကြံစည်မှု ကျူးလွန်ခြင်းရှိ၊ မရှိ တို့ကို သေချာစွာစိစစ်စေပြီး အကြမ်းဖက်မှုကျူးလွန်ခဲ့ကြောင်းကို သော်လည်းကောင်း၊ ထိုအကြမ်းဖက်မှုကိုကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ပူးပေါင်းကြံစည်မှု ကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း တွေ့ရှိပါက ထိုသူအား ဤဥပဒေအရ ထိုက်သင့်သလို အရေးယူဆောင်ရွက်ရမည်။

၆၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အကြမ်းဖက်မှုတစ်ခုခုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၆၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့နှင့် ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကိုဖွဲ့စည်း၍ ရုံးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်။

၆၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၀။ ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသည့် သူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးအပေါ် ယင်းတို့၏လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်မှုအတွက် တရားမကြောင်းအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။